သတင်းသမားများအတွက်

# အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများအား မည်သို့မှတ်တမ်းတင်ပုံ လမ်းညွှန်ချက်

CENTRE FOR LAW AND DEMOCRACY

NEWS MEDIA EUROPE

# မာတိကာ


အဓိကအချက်အလက်များ ........ 3

နိဒါန်း ........ 5

1. သတင်းသမားများ၏ လွတ်လပ်ခွင့်နှင့် အခန်းကဏ္ဍကို ကာကွယ်ပေးခြင်း .. 8

လွတ်လပ်ခွင့်နှင့် အခန်းကဏ္ဍကို ထိန်းသိမ်းစောင့်ရှောက်ခြင်း ........ 8

လျှို့ဝှက်ရင်းမြစ်များနှင့် သက်သေခံပိုင်ခွင့်များကို ကာကွယ်ခြင်း ........ 10

2. အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများ၏ ပဓာန အဓိပ္ပာယ်ဖွင့်ဆိုချက် ........ 14

3. သက်သေအထောက်အထားများဆိုင်ရာ အထွေထွေကိစ္စရပ်များ ........ 11

4. သက်သေခံအထောက်အထားများ စုဆောင်းခြင်း ........ 122

သတင်းအချက်အလက်ကို တိုက်ရိုက် အမိအရ ရယူခြင်း ........ 13

ပြစ်မှုသားကောင်များနှင့် မျက်မြင်သက်သေများကို မေးမြန်းခြင်း ........ 13

သတင်းအချက်အလက်ကို လုံခြုံအောင် ထိန်းသိမ်းထားခြင်း ........ 14

လက်တွေ့အောင်မြင်နေသော နောက်ကြောင်းပြန် ခြေရာခံနိုင်သည့်စနစ် . 15

အကြံပြုချက်များ ........ 15

5. သတင်းအချက်အလက် အရင်းအမြစ်များ ........ 16

# အဓိကအချက်အလက်များ

သတင်းသမားတို့၏ လုပ်ငန်းတာဝန်သည် ပြည်သူလူထုအား ပထမဦးစွာ အသိပေးရန် ဖြစ်၏။ သို့သော် အချို့သော ကိစ္စရပ်များ၌ ပဋိပက္ခဖြစ်ပွားရာ ဒေသများကို လွှမ်းခြုံနိုင်သော သတင်းသမားတို့သည် အရပ်သားများအား စနစ်တကျ သတ်ဖြတ်ခြင်း၊ ပြင်းထန်စွာ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အစုလိုက်အပြုံလိုက် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း စသည့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများအတွက် လက်တွေ့သက်သေများ ဖြစ်လာတတ်၏။ ဤသို့ဖြင့် ၎င်းတို့သည် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မှတ်တမ်းမှုသာမက နောက်ပိုင်း၌ တရားရုံးသို့ တင်ပြနိုင်ရေး နည်းလမ်းတစ်ခုအဖြစ် သက်သေအထောက်အထားများအား သေချာစွာ ထိန်းသိမ်းထားရှိရန် ရည်ရွယ်လျက် ရာဇဝတ်မှုများကို မှတ်တမ်းတင်ရေးအတွက် ထူးခြားသော အနေအထား၌ ရှိနေတတ်၏။

ဤလမ်းညွှန်ချက်သည်[1] အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများ၌ သက်သေဖြစ်လာနိုင်သော အချက်အလက်များကို ရရှိထားသည့် သတင်းသမားများ(နှင့် တည်းဖြတ်သူများ)အတွက် ရိုးရှင်း၍ လက်လှမ်းမီနိုင်သော အကြံဉာဏ်များပေးရန် ရည်ရွယ်၏။ ထို့ကြောင့် ဤလမ်းညွှန်ချက်သည် စာဖတ်သူများအား စုံစမ်းစစ်ဆေးသူများ သို့မဟုတ် သက်သေခံဥပဒေဆိုင်ရာ ကျွမ်းကျင်သူများအဖြစ် ပြောင်းလဲပစ်ရန် ရည်ရွယ်ချက် မရှိချေ။ ယင်းအစား အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုများ၌ အကျုံးဝင်နိုင်သော ဖြစ်ရပ်များတွင် သတင်းသမားများ ပါဝင်လာသောအခါ၌ ၎င်းတို့အတွက် လုပ်ငန်းလမ်းညွှန်ချက်များ ပံ့ပိုးပေးရန်သာ ရည်ရွယ်၏။ မကြာခဏဆိုသလိုပင် အလွန်ရိုးရှင်းသော လုပ်ငန်းစဉ်အဆင့်ဆင့်သည် အချက်အလက်များ၏ သက်သေခံတန်ဖိုးကို သိသိသာသာ မြှင့်တင်ပေးနိုင်ကြောင်း တွေ့ရှိရ၏။ ထို့အပြင် ဤလမ်းညွှန်ချက်သည် အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုများကို အဓိကအားဖြင့် ဦးတည်သော်လည်း အလားတူ သတင်းအချက်အလက်များသည် လူ့အခွင့်အရေးနှင့် အခြားသော အလွဲသုံးစားမှုမျိုးများကို သက်သေပြရာ၌လည်း အသုံးဝင်နိုင်ပါသည်။

ဤလမ်းညွှန်ချက်တွင် သတင်းသမားမှန်လျှင် ၎င်းတို့၏ လွတ်လပ်မှုနှင့် သတင်းသမားတည်းဟူသော အခန်းကဏ္ဍတို့ကို မည်သည့်နည်းနှင့်မျှ အပေးအယူ အလျှော့အတင်းမလုပ်ရန် အဘယ်ကြောင့် အရေးကြီးကြောင်း ဆွေးနွေးခြင်းဖြင့် အစပြုထား၏။ ထို့အပြင် မပေါက်ကြားအပ်သော လျှို့ဝှက်သတင်းရင်းမြစ်များကို ကာကွယ်ရန် သတင်းသမားတို့၏ ရပိုင်ခွင့်များ သဘောသဘာဝနှင့် သက်သေပြခွင့် ရရှိမှုများကိုလည်း အသေးစိတ်ဖော်ပြထား၏။ အပြည်ပြည်ဆိုင်ရာဥပဒေသည် ပုံမှန်အားဖြင့် သတင်းသမားတို့၏ လုပ်ငန်းဆိုင်ရာ ဂုဏ်သိက္ခာကို ကာကွယ်ရန်အလို့ငှာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးခြင်းနှင့် ဆက်စပ်မှုရှိနိုင်သော သတင်းအချက်အလက်များကို စုဆောင်းရန်အတွက် အရင်းအမြစ်များကို ဖော်ထုတ်ညွှန်ပြခြင်းထက် သတင်းရင်းမြစ်များ မပေါက်ကြားစေရေး ပံ့ပိုးကူညီပေးရန် ပြဋ္ဌာန်းလေ့ရှိ၏။

မတူကွဲပြားသော အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုများကို အဓိပ္ပာယ်သတ်မှတ်ဖွင့်ဆိုပြီးနောက် သတင်းသမားများအနေဖြင့် ပုံမှန်အားဖြင့် ရုပ်ပုံများ၊ သက်သေခံချက်များနှင့် စာရွက်စာတမ်းများဟူသော ပုံသွင်ဖြင့် အချက်အလက်များကို တရားရုံးတွင် သက်သေအဖြစ် တင်ပြနိုင်စေရန် မည်သို့ထိန်းသိမ်းရမည်ကို ဤလမ်းညွှန်ချက်တွင် ဆွေးနွေးထား၏။ ထို့အပြင် အချက်အလက်တို့၏ ယုံကြည်စိတ်ချရမှု ဥပမာအားဖြင့်- ယင်းနှင့်ပတ်သက်သော အချက်အလက် သို့မဟုတ်

ဒေတာတို့၏ အကြောင်းကို ရှင်းလင်းဖော်ပြသည့် မက်တာဒေတာ (metadata)ကို မပျောက်မပျက်အောင် ထိန်းသိမ်းခြင်းနှင့် နောက်ကြောင်းပြန် ခြေရာခံနိုင်သည့်စနစ် Chain of Custody (CoC) (ဆိုလိုသည်မှာ ယင်းကို ပိုင်ဆိုင်ထားသူအနေ)ဖြင့် ထိန်းသိမ်းထားခြင်းတို့ကို မှတ်သားလောက်ဖွယ် မြှင့်တင်ပေး၏။ သတင်းသမားများအနေဖြင့် ပွင့်လင်းမြင်သာစွာ ရရှိနိုင်ပြီး ယင်းကို ကူညီရန် ဒီဇိုင်းထုတ်ထားသည့် အရင်းအမြစ် အများအပြားကိုလည်း အရင်းအမြစ်ကဏ္ဍ တွင် ဖော်ပြထားလေ၏။

ကျူးလွန်ခံရသူများ, မျက်မြင်သက်သေများနှင့် တွေ့ဆုံမေးမြန်းမှုများသည် ရာဇဝတ်မှုဆိုင်ရာ အဓိက အချက်အလက်များကို ပေးစွမ်းနိုင်သည်။ တွေ့ဆုံမေးမြန်းမှုများ မပြုလုပ်မီ အကြောင်းကြားထားသော သဘောတူညီချက်ကို ရယူရန် အရေးကြီး၏။ ပုံမှန်အားဖြင့် ယင်းမှာ သင်မည်သူဖြစ်သည်, တွေ့ဆုံမေးမြန်းမှုကို မည်ကဲ့သို့အသုံးပြုမည်, ၎င်းကို မည်သူကြည့်ရှုမည်နှင့် ဖြစ်နိုင်ခြေရှိသော အန္တရာယ်များကို နားလည်ကြောင်း ဆိုလို၏။ တိုက်ရိုက်မှတ်တမ်းတင်ထားသော နှုတ်ဖြင့် သဘောတူခွင့်ပြုချက်သည် လုံလောက်သော်လည်း လူပုဂ္ဂိုလ်တစ်ဦးထံမှ ရိုးရှင်းစွာ လက်မှတ်ရေးထိုးထားသော သဘောတူညီချက်မှာ အကောင်းဆုံးဖြစ်၏။ အမည်မသိ ပုဂ္ဂိုလ်တစ်ဦးဦး၏ အချက်အလက်များကို တရားရုံးများတွင် သက်သေအဖြစ် လက်ခံနိုင်မည်မဟုတ်ကြောင်း သတိပြုသင့်၏။

အထူးသဖြင့် အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုများ သို့မဟုတ် မီဒီယာလွတ်လပ်ခွင့်ကို တရားစွဲဆိုရန် အစိုးရက ရန်လိုနေချိန်၌ ရုပ်ပိုင်းဆိုင်ရာနှင့် ဒစ်ဂျစ်တယ်အချက်အလက်များကို လုံခြုံအောင်ထားရန် အလွန်အရေးကြီး၏။ လုံခြုံရေးအန္တရာယ်များကို လျှော့ချရန် နည်းလမ်းများစွာ ရှိ၏။ ဥပမာ- အချက်အလက်များကို ကုဒ်ဝှက်ထားသော ပုံစံဖြင့် သိမ်းဆည်းခြင်း၊ သင့်စက်ပစ္စည်းပေါ် ရှိ ဖိုင်များကို ဖျက်ခြင်း သို့မဟုတ် ဖုံးကွယ်ထားခြင်း/ဖျောက်ထားခြင်း၊ အဆက်အသွယ်များ၏ အမည်များကို စာဝှက်ခြင်း, အမည်ဝှက်ခြင်း သို့မဟုတ် ဖျက်ခြင်းနှင့် သက်သေအထောက်အထားများကို လုံခြုံစွာ သိမ်းဆည်းခြင်း စသည်တို့ ဖြစ်၏။ အရင်းအမြစ်ကဏ္ဍအောက်တွင် ပွင့်လင်းမြင်သာစွာ ရရှိနိုင်သော အရင်းအမြစ်များစွာတို့ သည် သတင်းသမားများအား အကူအညီပေးနိုင်ပါ၏။

[1] ဤလမ်းညွှန်ချက်ကို ဥပဒေနှင့် ဒီမိုကရေစီဗဟိုဌာန the Centre for Law and Democracy က News Media Europe နှင့် ပူးပေါင်း၍ စာနယ်ဇင်း မီဒီယာနယ်ပယ်၌ သတင်းပညာကို အထောက်အကူဖြစ်စေရန် မျှော်မှန်းချက်ဖြင့် ပြုစုထားပါသည်။ စစ်ရာဇဝတ်မှုများအား မည်သို့မှတ်တမ်းတင်ရမည်ကို ပိုမိုကောင်းမွန်စွာ နားလည်သဘောပေါက်စေရေး၌ သတင်းအဖွဲ့အစည်းများက ဖော်ပြသော လူထုစိတ်ဝင်စားမှု တိုးပွားလာခြင်းကို ကျွန်ုပ်တို့၏ အသိအမှတ်ပြုမှုမှတစ်ဆင့် ဤလမ်းညွှန်ချက် ဖြစ်ပေါ်လာပါ၏။

# နိဒါန်း

သတင်းသမားတို့၏ အဓိကလုပ်ငန်းမှာ လူ့အဖွဲ့အစည်းအတွင်း ဖြစ်ပျက်နေသည်များကို စုံစမ်းဖော်ထုတ်ရန်နှင့် ယင်းတို့နှင့် စပ်လျဉ်းသော သတင်းအချက်အလက်များကို အများပြည်သူထံ ပြန်လည်တင်ပြရန်ဖြစ်သည်။ ထိုအဓိက လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရာ၌ သတင်းသမားတို့သည် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများအပါအဝင် ရာဇဝတ်မှုများနှင့် စပ်လျဉ်းသော သတင်းအချက်အလက်များကို ရှာဖွေတွေ့ရှိနိုင်သည်။ အထူးသဖြင့် ယင်းတို့သည် နိုင်ငံတကာ သို့မဟုတ် ပြည်တွင်းပဋိပက္ခဇုန်များ၌ သတင်းရယူပေးပို့နေသည့် သို့မဟုတ် လုပ်ဆောင်နေသည့် ရာဇဝတ်မှုများဖြစ်နိုင်၏။ အများပြည်သူအတွက် အလွန်တန်ဖိုးကြီးသော သတင်းအချက်အလက်များကို အများပြည်သူတို့ သိရှိစေရန် သတင်းပေးပို့ခြင်းလုပ်ငန်းအပြင် သတင်းသမားတို့သည် အဆိုပါအချက်အလက်များကို တရားရုံးအသီးသီး၌ ရာဇဝတ်မှုဆိုင်ရာ အထောက်အထားအဖြစ် တင်ပြနိုင်သည့် နည်းလမ်းဖြင့် ထိန်းသိမ်းထားနိုင်၏။ ဤလမ်းညွှန်၏ ရည်ရွယ်ချက်မှာ နိုင်ငံတကာ ရာဇဝတ်မှု ကျူးလွန်ခြင်း၏ သက်သေအထောက်အထားဖြစ်သော သတင်းအချက်အလက်များကို သတင်းသမားများ ကောင်းစွာ နားလည်စေရေး အကူအညီပေးခြင်းအပြင် ထိုအချက်အလက်များအား တရားရုံးတွင် သက်သေအဖြစ် တင်ပြနိုင်မည့် ဖြစ်နိုင်ခြေကို မြှင့်တင်ပေးရန်နှင့် ထိုအချက်အလက်များကို လုံခြုံစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်တို့ ဖြစ်၏။

သတင်းသမားများသည် ရဲ သို့မဟုတ် ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးသူများ မဟုတ်သည့်အပြင် ရာဇဝတ်မှုဆိုင်ရာ အပြုအမူများနှင့် စပ်လျဉ်းသော အချက်အလက်များ စုဆောင်းရာ၌ ၎င်းတို့၏ ပါဝင်ပတ်သက်မှုနှင့် ဆက်စပ်သော အန္တရာယ်များ ရှိနိုင်၏။ သတင်းသမားများသည် ဤလုပ်ရှားမှုတွင် ပါဝင်ကူညီရန် အလွန် အရေးကြီးသော်လည်း၊ ယင်းသည် ၎င်းတို့အား စာနယ်ဇင်းများသို့ သတင်းပေးပို့ခြင်းဟူသော အဓိက လုပ်ငန်းတာဝန်လမ်းကြောင်း ပြောင်းသွားခြင်း သို့မဟုတ် ၎င်းတို့၏ စာနယ်ဇင်းလွတ်လပ်ခွင့်ကို ပျက်ပြားသွားစေသည်အထိ အလွန်အမင်း ပြင်းထန်ကာ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ဖြစ်မနေသင့်ချေ။ အလားတူ အရေးကြီးသော အချက်မှာ ဤနယ်ပယ်၌ ၎င်းတို့၏ လုပ်ငန်းသည် လူသိရှင်ကြားဖြစ်လာခဲ့လျှင် သတင်းသမားတို့သည် ထိုရာဇဝတ်မှုများအတွက် တာဝန်ရှိသူတို့က ဖြစ်စေ, တရားစွဲမခံလိုသူတို့က ဖြစ်စေ, ရာဇဝတ်မှုခင်းများ၌ ပါဝင်နေနိုင်ကြောင်း ထင်ရှားစွာ သက်သေပြခံထားရသော ကျူးလွန်သူတို့ကဖြစ်စေ တိုက်ခိုက်လာနိုင်သော ပစ်မှတ်များ ဖြစ်နေတတ်၏။

ဤလမ်းညွှန်ချက်သည် မြေပြင်၌ ရှိနေသော သတင်းသမားများ(နှင့် တည်းဖြတ်သူများ)ထံသို့ ရိုးရှင်းပြီး လက်လှမ်းမီနိုင်သော အကြံဉာဏ်များ ပေးဆောင်ရန်နှင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများ၏ အထောက်အထားများဟု ထင်မှတ်ရသော အချက်အလက်များကို အရယူနိုင်ရန် ရည်ရွယ်ပါသည်။ ဤလမ်းညွှန်သည် စာဖတ်သူများအား တရားဥပဒေ၏ အလွန်ရှုပ်ထွေးသော နယ်ပယ်တစ်ခုဖြစ်သည့် သက်သေခံဥပဒေဆိုင်ရာ ကျွမ်းကျင်သူများအဖြစ်သို့ ပြောင်းလဲပေးရန် ရည်ရွယ်ခြင်း မဟုတ်သည့်အပြင် တရားစီရင်ရေးစနစ်တစ်ခုမှ အခြားတစ်ခုသို့ ပြောင်းလဲသွားစေရန်လည်း ရည်ရွယ်ခြင်း မရှိချေ။ ထိုသို့ပြုမူရန် လိုလည်း မလိုအပ်ချေ။ တရားဝင် ရာဇဝတ်မှုခင်း စုံစမ်းစစ်ဆေးရေးမှူးများ၊ ရှေ့နေများ၊ အစိုးရရှေ့နေများနှင့် အဆုံးစွန်ဆုံးအဖြစ် တရားသူကြီးများက တရားရုံးတွင် သတင်းအချက်အလက်များကို လက်ခံနိုင်မှု ရှိ/မရှိ ဆုံးဖြတ်ပေးမည်ဖြစ်ရာ ယင်းအတွက် ဤလမ်းညွှန်ချက်မှာ မရှိမဖြစ် လိုအပ်ခြင်း မရှိချေ။ သို့သော် ဤလမ်းညွှန်ချက်

သည် သတင်းသမားများအား ယုံကြည်ချက်တစ်ခုရရှိရန်အတွက် မည်သို့သော သတင်းအချက်အလက်မျိုးများက အသုံးဝင်နိုင်ကြောင်းနှင့် အကျိုးဆက်အနေဖြင့် မသက်ဆိုင်သော အချက်အလက်များကို စုဆောင်းခြင်းကို ကန့်သတ်ထားနိုင်သည့်အပြင် အချက်အလက်များကို တရားရုံးတွင် သက်သေအဖြစ် လက်ခံလာစေရန် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကို မြှင့်တင်ရန် ရိုးရှင်းသော အဆင့်များကို မည်သို့လုပ်ဆောင်မည်တို့ကို သိရှိနားလည်စေရန် ကူညီပံ့ပိုးပေး၏။

အလွန်ရိုးရှင်းသော လုပ်ငန်းစဉ်အဆင့်ဆင့်သည် မကြာခဏဆိုသလိုပင် သတင်းအချက်အလက်၏ တန်ဖိုးကို သိသာစွာ မြှင့်တင်ပေးနိုင်၏။ ဥပမာအားဖြင့်- အပျက်အစီးပုံတစ်ခု၏ ဓာတ်ပုံသည် သက်သေ များစွာ မပြနိုင်သော်လည်း ဤနေရာ၌ တစ်စုံတစ်ဦး၏ အိမ်သည် တည်ရှိခဲ့ဖူးကြောင်းပြသရန်အတွက် ထိုပုံကို ပထဝီဝင် တည်နေရာအချက်အလက်ဖြင့် အမှတ်အသားပြုခြင်းသည် အခြားတန်ဖိုးတစ်ခုဖြစ်၏။ ထို့အတူ လမ်းမပေါ်တွင် လဲလျောင်းနေသော လူသေအလောင်းဓာတ်ပုံတစ်ပုံသည် ခိုင်လုံမှု မရှိနိုင်သော်လည်း ယင်းမှာ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ ဖြတ်သန်းသွားလာပြီးသည့်နောက် အချိန်အမှတ်အသား အတိအကျပြု၍ သိသာမြင်သာအောင် မှတ်တမ်းတင် ရိုက်ကူးထားသော ဓါတ်ပုံဖြစ်လျှင် တန်ဖိုး ပြောင်းလဲသွားမည် ဖြစ်၏။

နိုင်ငံတိုင်း၏ ရာဇဝတ်မှုစာရင်းသည် အလွန်ရှည်လျား၏။ ဤလမ်းညွှန်ချက်၏ အဓိက ဦးတည်ချက်မှာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး၏ ရောမပြဋ္ဌာန်းဥပဒေစာချုပ် (Rome Statute) ၌ သတ်မှတ်ထားသော ကြီးလေးသည့် ရာဇဝတ်မှုများအနက် အဓိက ရာဇဝတ်မှု သုံးခုဖြစ်သော လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှုများ ဖြစ်၏။

ဤလမ်းညွှန်၏ ရည်ရွယ်ချက်အတွက် "သတင်းသမား" (journalists) ဟူသော အသုံးအနှုန်းကို ပရော်ဖက်ရှင်နယ် သတင်းမီဒီယာများတွင် ပုံမှန်အလုပ်လုပ်ကြသော ပုဂ္ဂိုလ်များအတွက်သာမက အလွတ်သတင်းထောက်များ၊ ဘလော့ဂါများနှင့် အခြားသက်ဆိုင်ရာပုဂ္ဂိုလ်များပါ ကျယ်ကျယ်ပြန့်ပြန့် အကျုံးဝင်စေရန် အသုံးပြုထား၏။ စင်စစ် ဤလမ်းညွှန်တွင် ပါရှိသော အကြံပြုချက်သည် အကယ်၍ အရပ်သားသတင်းသမားများအနေဖြင့်လည်း အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုအထောက်အထားများကို ထုတ်ဖော်ပြသနိုင်ရေးအတွက် ပေါ်ထွက်လာသော အချက်အလက်များကို တွေ့ရှိလာခဲ့ပါလျှင် ၎င်းတို့အတွက်လည်း အသုံးဝင်နိုင်ပါသည်။
သတင်းသမားများအတွက် ဤသို့သော သတင်းအချက်အလက်မျိုးကို စုဆောင်းဖို့ အရေးကြီးကြောင်း အကြောင်းရင်းများအရ သိသာထင်ရှားလှ၏။ သတင်းသမားတို့၏ ပရော်ဖက်ရှင်နယ်ပီသစွာ အာရုံစူးစိုက်မှုကြောင့် ၎င်းတို့သည် အစိုးရရှေ့နေများ ရရှိနိုင်မည် မဟုတ်သော အထောက်အထားများကို စုဆောင်းနိုင်မည့် အနေအထားတွင် ရှိနေနိုင်၏။ တစ်ဖန် ဤအချက်က အဓိက နည်းလမ်းနှစ်ခုဖြင့်လည်း အကူအညီပေးနိုင်သေး၏။ ပထမဦးဆုံးအနေဖြင့် ပရော်ဖက်ရှင်နယ် ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးသူများသည် နောက်ထပ် အချက်အလက်များကို စုဆောင်းနိုင်သည့်အပေါ် အခြေခံ၍ ရှေးဦးစွာ ရာဇဝတ်မှုကျူးလွန်ကြောင်း ဖော်ထုတ်နိုင်စေရန်နှင့် ပြစ်မှုကျူးလွန်နိုင်ဖွယ်ရှိသော သူများကို ဖော်

ထုတ်နိုင်စေရန်အတွက် အကူအညီပေးနိုင်၏။ ဒုတိယအနေနှင့် ဤအချက်က အဆိုပါ ရာဇဝတ်မှုများအား ဖွဲ့စည်းလုပ်ဆောင်ချက်များနှင့် ယင်းတို့ကို ကျူးလွန်သူများအပါအဝင် ရာဇဝတ်မှု၏ အဓိကအချက်များကို ဖော်ထုတ်ရာတွင် အထောက်အကူဖြစ်စေနိုင်၏။ ဤနည်းအားဖြင့် သဘောထားခံယူချက်များကို လုံခြုံအောင် အကူအညီပေး၏။

ဤလမ်းညွှန်ချက်သည် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများအပေါ် အာရုံစူးစိုက်ထားသော်လည်း အလားတူ အချက်အလက်များသည် လူ့အခွင့်အရေးနှင့် ပြန်လည်သင့်မြတ်ရေး သို့မဟုတ် လျော်ကြေးငွေကိစ္စ လုံခြုံသေချာစေရေး ရည်ရွယ်ချက်များအတွက် သမိုင်းမှတ်တမ်းတင်ရာ၌ အလွန်အရေးကြီးသော အခြား အလွဲသုံးစားမှု အမျိုးအစားများကို သက်သေပြရာ၌လည်း အသုံးဝင်နိုင်၏။

လူပုဂ္ဂိုလ်များ စုဆောင်းရရှိထားသော အချက်အလက်များကို လုံခြုံစေရေး အကူအညီပေးရန် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်း (NGO) များက ပံ့ပိုးကူညီမှု အများအပြားကို ပေးထားကြောင်း သတိပြုသင့်၏။ ယင်း၌ မူရင်း အထောက်အထား စစ်မှန်ကြောင်း သက်သေပြခြင်းနည်းပညာများ ဥပမာအားဖြင့်- အထောက်အထားများ ဖမ်းယူရရှိသည့် နေရာနှင့် အချိန်တို့ကို ညွှန်ပြရန် အများပြည်သူအကြား ပွင့်ပွင့်လင်းလင်း ရရှိနိုင်သော အချက်အလက်များကို အသုံးပြုခြင်း (codastory.com/newsletters/war-crimes-in-digital-age/ ကို ကြည့်ရန်) နှင့် အနှောင့်အယှက် မဖြစ်စေရေး သေချာစေခြင်းအပါအဝင် အချက်အလက်များကို လုံခြုံစွာသိမ်းဆည်းရန် ကူညီပေးခြင်းလည်း ပါဝင်၏။ နောက်ဆုံးအနေဖြင့် ဤလမ်းညွှန်ချက်သည် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများကို မှတ်တမ်းတင်ရာတွင် သတင်းသမားများကို အကူအညီပေးနိုင်သော အရည်အသွေးရှိသည့် အချက်အလက်များကို ဖမ်းယူရရှိခြင်းနှင့် သိမ်းဆည်းခြင်းတို့အတွက် အထောက်အကူဖြစ်စေမည့် သက်ဆိုင်ရာ ဒစ်ဂျစ်တယ်အက်ပလီကေးရှင်းများအပါအဝင် သတင်းသမားများ အသုံးပြုနိုင်သည့် အရင်းအမြစ်များစာရင်းကိုပါ ပံ့ပိုးပေးထားပါသည်။

# 1. သတင်းသမားများ၏ လွတ်လပ်ခွင့်နှင့် အခန်းကဏ္ဍကို ကာကွယ်ပေးခြင်း

## သတင်းမီဒီယာ လွတ်လပ်ခွင့်နှင့် ၎င်းတို့၏အခန်းကဏ္ဍကို ထိန်းသိမ်းစောင့်ရှောက်ခြင်း

လူ့အဖွဲ့အစည်းအတွင်း အဖြစ်အပျက်များကို အစီရင်ခံသည့်အခါတွင် ၎င်းတို့၏ အယ်ဒီတာ့အာဘော်ကို လွတ်လပ်စွာ ရေးသားတင်ပြနိုင်ခွင့်အပြင် ဓမ္မဓိဋ္ဌာန်ကျမှုတို့ကို ထိန်းသိမ်းထားရန်နှင့် ထိုလွတ်လပ်ခွင့်ဆိုင်ရာ လူ့အဖွဲ့အစည်း၏ ခံယူချက်တို့ကို ထိန်းသိမ်းထားရန် သတင်းသမားများအတွက် အလွန်အရေးကြီး၏။ အမှန်တကယ် လွတ်လပ်ခွင့် ဆုံးရှုံးရလျှင် သတင်းသမားတစ်ဦး၏ သတင်းပေးပို့မှုတွင် ဘက်လိုက်ခြင်းကို ဖြစ်ပေါ်စေနိုင်သော်လည်း လွတ်လပ်ခွင့် ဆုံးရှုံးခြင်း အပေါ် ခံယူချက်ကမူ ပရိသတ်၏ ယုံကြည်မှုကိုပါ ပျက်ပြားစေနိုင်၏။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့် ပတ်သက်သော အချက်အလက်များကို သတင်းသမားများက စုဆောင်းရယူပါက- အထူးသဖြင့် ၎င်းတို့၏ အလုပ်တွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါက- အဆိုပါအချက်နှစ်ချက်လုံး ခြိမ်းခြောက်ခံရနိုင်၏။ ယင်း၌ ပဋိပက္ခဖြစ်ပွားနေသည့် အဖွဲ့များ၊ ရဲတပ်ဖွဲ့နှင့် အခြားဥပဒေစိုးမိုးရေးဆောင်ရွက်သူများအပြင် အခြားသော နိုင်ငံများမှ ပတ်သက်ဆက်နွယ်သူများ ၏ ဩဇာရိပ်မှ လွတ်လပ်စွာ ဆောင်ရွက်နိုင်ခြင်းလည်း အကျုံးဝင်၏။ အဓိပ္ပာယ်သတ်မှတ်ဖွင့်ဆိုချက်အရ ယင်းကြောင့် ပြင်းထန်သော အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုများနှင့် ပြစ်မှုဆိုင်ရာဥပဒေအရသာမက လူ့အဖွဲ့အစည်းတိုင်းက စွဲကိုင်ထားသော တန်ဖိုးများကိုပါ မကြာခဏ ဆိုးရွားစွာ ချိုးဖောက်မှုများနှင့် စပ်ဆိုင်သော အချက်အလက်များကို စုဆောင်းရာ၌ ခက်ခဲစေနိုင်၏။

သတင်းသမားများသည် ၎င်းတို့ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော မီဒီယာအမျိုးအစားပေါ် မူတည်၍ လွတ်လပ်ခွင့်နှင့် စပ်လျဉ်းသည့် တရားဝင်စနစ်များနှင့် စည်းမျဉ်းများကို လိုက်နာနိုင်သည်။ နိုင်ငံအများအပြားတွင် ကိုယ်ပိုင်စည်းမျဉ်း, ပူးတွဲစည်းမျဉ်း သို့မဟုတ် ဥပဒေစည်းမျဉ်းစနစ်များသည် သတင်းသမားတို့ သတင်းပေးပို့ရာ၌ လွတ်လပ်ခြင်းနှင့် ဟန်ချက်ညီခြင်းတို့နှင့် ဆက်စပ်နေသော, အပြန်အလှန်အားဖြင့် တာဝန်နှင့် ကျင့်ဝတ်ဆိုင်ရာ သဘာဝန္တန်းစံများ ပါဝင်လျက် ရှိသော, ၎င်းတို့ ကျင်လည်ရာ မီဒီယာများအပေါ် ကျင့်ဝတ်နှင့် ကိုယ်ကျင့်တရားတို့ကို ပြဋ္ဌာန်းပေးထားရာ နေရာများ ရှိကြ၏။ လစ်ဘရယ်ဒီမိုကရေစီနိုင်ငံများရှိ အများပြည်သူဆိုင်ရာ မီဒီယာများသည် အစိုးရနှင့် အခြားသော နိုင်ငံရေး ဆောင်ရွက်သူများအပါအဝင် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ လောင်းရိပ်မှ လွတ်လပ်၍ သမာသမတ်ကျသော စည်းမျဉ်း များကို တိကျစွာ ကန့်သတ်ကျင့်သုံးကြသည်။

အဆိုပါ လွတ်လပ်ခွင့်နှင့် သဘောထား ခံယူချက်များအပြင် သတင်းသမားတို့အနေဖြင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု များနှင့် ပတ်သက်သော သတင်းအချက်အလက်များ စုဆောင်းရာ၌ အထူးသဖြင့် သတင်းနယ်ပယ်၌ အလုပ်လုပ်နေသူများ ဖြစ်လျှင် သတင်းသမားတို့၏ အခန်းကဏ္ဍကို ပျက်ပြားအောင် ပြုလုပ်ခွင့်မပြုရန် အရေးကြီး၏။ အများပြည်သူတို့သည် အချိန်နှင့်တစ်ပြေးညီ အရည်အသွေးမြင့် သတင်းများကို ရရှိရန် လိုအပ်နေသေးရာ သတင်းသမားတို့၏ အာရုံစူးစိုက်မှုကို

လမ်းလွှဲလိုက်လျှင် ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုများကို ထိခိုက်စေနိုင်၏။ ဤအခန်းကဏ္ဍသည် မကြာခဏဆိုသလို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများ ကျူးလွန်သည့် အခြေအနေ၏ တစ်စိတ်တစ်ပိုင်းဖြစ်သော လက်နက်ကိုင်ပဋိပက္ခများကို သတင်းပို့သည့် သတင်းသမားများအတွက် အထူး အရေးကြီးပါ၏။

ထိုသို့သော အခြေအနေမျိုးတွင် လူထုအနေဖြင့် တိကျမှန်ကန်ပြီး အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက် ရရှိရန် အရေးကြီးမှုသည် သက်သေပြနေစရာမလိုအောင်ပင် အလွန်မြင့်မားကြောင်း ထင်ရှား၏။ သို့တိုင် မကြာခဏ သတင်းမှားများ ဖြန့်ဝေခြင်းဖြင့် ဖြစ်စဉ်ကို ထိန်းချုပ်ရန်လည်း ကြိုးစားနေတတ်သဖြင့် အဖွဲ့အစည်းဆိုင်ရာ အချက်အလက်များက ပဋိပက္ခများကို အစီရင်ခံခြင်းအတွက် အန္တရာယ်ရှိသော သဘောသဘာဝနှင့် ထိုကဲ့သို့သော ပဋိပက္ခများတွင် ပါဝင်သူများသည် အရေးကြီးသော အချက်အလက်များကို အများပြည်သူ မသိအောင် ဖုံးကွယ်ရန် တက်ကြွစွာ ကြိုးပမ်းလေ့ရှိသည့် အချက်တို့အပါအဝင် ဤလုပ်ငန်းတာဝန်များကို ထိခိုက်စေနိုင်၏။ စင်စစ် အမှီအခိုကင်းသော မီဒီယာ၏ သတင်းပေးပို့မှုများသည် အစိုးရများနှင့် အခြားတိုက်ပွဲဝင်သူများ၏ မကြာခဏ လွှမ်းမိုးလေ့ရှိသော ဖြစ်စဉ်ဇာတ်ကြောင်းအမှားများကို တန်ပြန် ရန် မရှိမဖြစ် လိုအပ်၏။

ဤအချက်ကို ယူဂိုဆလားဗီးယားနိုင်ငံဆိုင်ရာ ရာဇဝတ်ခုံရုံးက အသိအမှတ်ပြုခံထားရသည့် *အစိုးရရှေ့နေနှင့် Radoslav Brdjanin and MomirTalic တို့၏ အမှုတွဲတွင်* ခုံရုံးနှင့် အယူခံများ နှစ်ဘက်စလုံးမှ အသိအမှတ်ပြုခဲ့ကြသည်မှာ- "ထိုစစ်သတင်းထောက်တို့သည် 'ပဋိပက္ခ၏ ကြောက်မက်ဖွယ်ရာများနှင့် အမှန်တရားတို့ကို နိုင်ငံတကာအသိုက်အဝန်း၏ အာရုံစူးစိုက်မှုကို ဆွဲဆောင်ရာ၌ အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်" ဟူ၍ ဖြစ်၏။"[2]

[2] ၁၉၉၁ ခုနှစ်ကတည်းက ယခင် ယူဂိုဆလားဗီးယားပိုင်နက်အတွင်း ကျူးလွန်ခဲ့သော နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေကို ပြင်းထန်စွာ ချိုးဖောက်မှုအတွက် တာဝန်ရှိသော ပုဂ္ဂိုလ်များအား တရားစွဲဆိုခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ အယူခံအဖွဲ့၊ အပြန်အလှန် အယူခံမှုဆိုင်ရာ ဆုံးဖြတ်ချက်၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်၊ အမှုအမှတ် IT-99-36-AR73.9, အပိုဒ် ၃၆၊ https://www.icty.org/x/cases/brdanin/acdec/en/randall021211.htm#30.

အနည်းငယ် ကွဲပြားခြားနားသည့် ပြဿနာတစ်ရပ်မှာ သတင်းသမားတို့၏ လုံခြုံရေးကို ကာကွယ်ရန် လိုအပ်နေခြင်းပင် ဖြစ်သည်။ ရာဇဝတ်မှုဆိုင်ရာ အပြုအမူများကို မှတ်တမ်းတင်ခြင်းသည် အန္တရာယ်ရှိနိုင်၏။ အဘယ်ကြောင့်ဆိုသော် ပြစ်မှုကျူးလွန်သူတို့သည် တရားမျှတမှုကို မလိုလားသောကြောင့်ဖြစ်၏။ ထို့အပြင် ၎င်းတို့သည် အဖမ်းခံရခြင်းဘေးမှ ရှောင်ရှားရန်အတွက် လက်တုံ့ပြန်ခြင်းအပါအဝင် နောက်ထပ် ရာဇဝတ်မှုများ၌ ပါဝင်ရန် ဆန္ဒရှိနိုင်၏။ သတင်းသမားများအနေဖြင့် ရာဇဝတ်မှုများ ဖြစ်ပွားနေသည့်နေရာများတွင် မှတ်တမ်းရယူရာ၌ ၎င်းတို့၏ လှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ရန် အရေးကြီး၏။ အာဏာရအစိုးရသည် ရာဇဝတ်မှုများတွင် ပါဝင်ပတ်သက်နေပါက သို့မဟုတ် ၎င်းတို့အား ဖုံးကွယ်ရန် အဖွဲ့အစည်းဆိုင်ရာ အကျိုးစီးပွားများ ရှိနေသောအခါမျိုး၌ လုံခြုံရေးအန္တရာယ်များကို ပိုမို၍ တိုးမြင့်လာစေနိုင်၏။

## လျှို့ဝှက်အပ်သော ရင်းမြစ်များနှင့် သက်သေခံပိုင်ခွင့်များကို ကာကွယ်ခြင်း

သတင်းသမားတို့အနေဖြင့် လျှို့ဝှက်သတင်းရင်းမြစ် အထောက်အထားများကို ထုတ်ဖော်ရန် ငြင်းဆိုပိုင်ခွင့်ကို နိုင်ငံတကာ ဥပဒေနှင့် အမျိုးသားဥပဒေစနစ် များစွာ၌ မကြာခဏဆိုသလိုပင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖြစ်စေ/သို့မဟုတ် တရားဝင် ဥပဒေအရ အကာအကွယ်ပေးထား၏။ မီဒီယာလောက၌ အသက်မွေးသူ ပရော်ဖက်ရှင်နယ်တို့၏ ကျင့်ဝတ်စည်းကမ်းများ ၌လည်း သတင်းသမားများအနေဖြင့် ၎င်းတို့၏ လျှို့ဝှက်အပ်သော သတင်းရင်းမြစ်များကို ထုတ်ဖော်ခြင်းမပြုရန် တာဝန် ဝတ္တရားတစ်ခု ပြဋ္ဌာန်းထား၏။ ယင်းအတွက် အဓိက ကြောင်းကျိုးဆက်စပ်မှုအရ ၎င်းတို့၏ လျှို့ဝှက်ချက်ကို အကာအကွယ်ပေးမည်ဟု မယုံကြည်လျှင် သတင်းအရင်းအမြစ်များသည် ရှေ့ဆုံးနေရာသို့ ရောက်မလာနိုင်သဖြင့် မီဒီယာများမှ တစ်ဆင့် ထွက်ပေါ်လာသော ရင်းမြစ်တို့မှ အများပြည်သူဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူတို့က ရယူပိုင်ခွင့် ရှိခြင်းကို အကာအကွယ်ပေးရန်ပင် ဖြစ်၏။

ယခင်က အခြေအနေများ တင်းကျပ်ကာ လွှမ်းမိုးထားနိုင်ထားသော်လည်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်မှ ဆင်းသက်လာသော အဓိက ရပိုင်ခွင့်များကဲ့သို့ပင် ဤရပိုင်ခွင့်သည် နိုင်ငံတကာဥပဒေ သို့မဟုတ် အမျိုးသားဥပဒေစနစ်အများစု အောက်တွင် လုံးဝမရှိချေ။ သတင်းသမားများအနေဖြင့် ၎င်းတို့ ထိန်းသိမ်းထားနိုင်သော သတင်းရင်းမြစ်များကို မပေါက်ကြားစေရန် ကတိများ ပေးဆောင်နိုင်ရေးအတွက် ၎င်းတို့၏ နိုင်ငံများတွင် တရားဝင်ရော လက်တွေ့ပါ အခြေအနေနှစ်မျိုးလုံး၌ ဤရပိုင်ခွင့်၏ အခြေအနေ အဆင့်အတန်းကို အမြဲသတိထားသင့်၏။ ထို့အပြင် ထိုသို့ ကတိပြုရာ၌ သတင်းသမားတို့သည် ထိုကတိကဝတ်များနှင့်ပတ်သက်သော အခြေအနေများ သို့မဟုတ် ကန့်သတ်ချက်များကို သတင်းအရင်းအမြစ်များ အနေဖြင့် သိရှိနားလည်ကြောင်း အမြဲသေချာစေသင့်၏။

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများအကြောင်း အချက်အလက်စုဆောင်းခြင်းမှာ ရင်းမြစ်လျှို့ဝှက်ခြင်းနှင့် စပ်လျဉ်းသော အထူးကိစ္စရပ်များကို ပေါ်ပေါက်လာစေနိုင်၏။ အထူးသဖြင့် သတင်းသမားတို့သည် လျှို့ဝှက်ရင်းမြစ်များကို မဖော်ပြသော နည်းလမ်းဖြင့် အဖြစ်အပျက်များကို သတင်းပေးပို့နိုင်သော်လည်း ထိုအချက်အလက်တို့ကို တရားရုံးတွင် အထောက် အထားအဖြစ် အသုံးပြုရန်အတွက် ယင်းတို့နှင့်ပတ်သက်သော အသေးစိတ်နောက်ခံနှင့် မက်တာဒေတာတို့ကို မကြာခဏ

လိုအပ်မည်ဖြစ်၏။ တရားရုံးများအနေဖြင့် အချက်အလက်များကို စိစစ်ရန် သို့မဟုတ် စွပ်စွဲခံရသူများကို ကိုယ်စားပြု သည့် ရှေ့နေများ၏ အပြန်အလှန် စစ်ဆေးမှုမှတစ်ဆင့် တောင်းဆိုမှုများကို ခွင့်ပြုရန် လူတစ်ဦးချင်းစီကိုပင် တရားရုံး၌ သက်သေခံပေးရန် တောင်းဆိုနိုင်၏။ ထို့အပြင် နိုင်ငံအများအပြား၌ ကြီးလေးသော ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးခြင်း သည် ရင်းမြစ်လျှို့ဝှက်ချက်ကို ဖုံးကွယ်ရန် အကြောင်းရင်းတစ်ခုဖြစ်လေ၏။

ရလဒ်အနေဖြင့် လျှို့ဝှက်သတင်းရင်းမြစ်များ ပါဝင်လာသောအခါ, ရင်းမြစ်များကို လိုလိုလားလားဖြစ်စေ, တရားရုံး တစ်ရုံးက သတင်းသမားတို့၏ လျှို့ဝှက်သတင်းရင်းမြစ်များကို ကာကွယ်ပိုင်ခွင့်ကို ပယ်ဖျက်နိုင်သည့်အပြင် အဆိုပါ သတင်းရင်းမြစ်များကို တရားရုံး၌ ဖော်ထုတ်ကောင်း ဖော်ထုတ်စေလိုမည် ဖြစ်သဖြင့် ထိုအခြေအနေသို့ မိမိကိုယ်ကို တွန်းပို့မိခြင်း အပါအဝင် စိတ်လိုလက်ရ သို့မဟုတ် အမှတ်မထင် ဖော်ထုတ်ခြင်းမပြုဘဲ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများအကြောင်း သတင်းပေးရသောအခါ သတင်းသမားများသည် အထူး သတိပြု, ဂရုစိုက်ရန် အရေးကြီး၏။ လျှို့ဝှက်သတင်းရင်းမြစ်ကို ကာကွယ်ခြင်းနှင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခင်း စုံစမ်းစစ်ဆေးမှုအတွက် သတင်းအချက်အလက်ပံ့ပိုးပေးခြင်းဟူသော အချက်နှစ်ခုအနက် တစ်ခုခုကို ရွေးချယ်ရန် လိုအပ်လာသည့်အခါ သတင်းသမားတို့သည် စာနယ်ဇင်း သတင်းမီဒီယာ လုပ်ငန်း အယ်ဒီတာတို့၏ သမာဓိဂုဏ်ကို ကာကွယ်ခြင်း အပါအဝင် ပထမအချက်ကိုသာ အမြဲလိုလို ရွေးချယ်သင့်၏။

အနည်းငယ် ကွဲပြားခြားနားသော ကိစ္စတစ်ရပ်မှာ ပြည်သူလူထုထံ သတင်းအချက်အလက် စီးဆင်းမှုကို အကာအကွယ်ပေးခြင်းနှင့် တူညီသော အကြောင်းပြချက်နှင့် သတင်းသမားတို့၏ လုံခြုံရေးကို အာမခံရေးတို့အပေါ် အခြေခံသော်လည်း သတင်းသမားများကိုယ်တိုင် တရားရုံးရှေ့တွင် ထွက်ဆိုရန် ငြင်းဆိုခြင်း ရှိ/မရှိ ဟူသော မေးခွန်း ဖြစ်လေ၏။ ယင်းမှာ ၎င်းတို့ သက်သေထွက်ဆိုခြင်းမှ အကာအကွယ်ပေးထားသည့် အတိုင်းအတာအထိ ၎င်းတို့၏ လျှို့ဝှက်သတင်းရင်းမြစ်များကို ကာကွယ်ပိုင်ခွင့်ကိုလည်း ထိခိုက်စေနိုင်သည်။

*Radoslav Brdjanin နှင့် Momir Talic တို့၏ အမှု၌* အမှုစစ်တရားခွင် (တရားလွှတ်တော်)က ပဋိပက္ခအကြောင်း သတင်းပေးပို့နေသော သတင်းသမားများကို “မလိုအပ်ဘဲ ဆင့်ခေါ် ခြင်း” မှာ မဖြစ်သင့်သောကြောင့် ထိုအကြောင်းအရာကို (ပုံနှိပ်)

ထုတ်ဝေပြီး၍ သတင်းရင်းမြစ်ကို ဖော်ထုတ်ပြီးသည်နှင့် သတင်းစုဆောင်းခြင်းနှင့် ပေးပို့ခြင်းအတွက် သက်သေခံထွက်ဆိုမှုမှာ အန္တရာယ်နည်းပါးပြီး၊ သတင်းစုဆောင်းခြင်းနှင့် အစီရင်ခံခြင်းအတွက် သက်သေထွက်ဆိုနိုင်ခြေမှာ အနည်းငယ်မျှသာဖြစ်၍ အထောက်အထားများသည် အမှုနှင့် "ဆီလျော်သက်ဆိုင်"ပါက လုံလောက်ပြီဖြစ်ကြောင်း ဆုံးဖြတ်ခဲ့၏။[3] အယူခံတရားလွှတ်တော်သည် ယေဘုယျအားဖြင့် သတင်းသမားများနှင့် စစ်သတင်းထောက်များအကြား ဂျာနယ်လစ် အမျိုးအစားအလိုက် သီးခြားအုပ်စု နှစ်စုခွဲခြားထားပြီး၊ ၎င်း၏ ဆုံးဖြတ်ချက်ကို ဒုတိယအုပ်စုအတွက်သာ အာရုံစူးစိုက်ထား၏။ သတင်းရင်းမြစ်ကို ဖော်ထုတ်၍ သတင်းထုတ်ပြန်ပြီးသည့်တိုင် သတင်းသမားတို့၏ လွတ်လပ်ခွင့်နှင့် စစ်သတင်း ထောက်များ၏ လုံခြုံရေးကဲ့သို့သော ကိစ္စရပ်များသည် ၎င်းတို့အား သက်သေထွက်ဆိုရန် အတင်းအကြပ် တွန်းအားပေးလာသောအခါတွင် အထူးသဖြင့် ထိုသို့သော အလေ့အထများ ပုံမှန်ဖြစ်လာသောအခါ၌ ဆီလျော်သက်ဆိုင်သော ထည့် သွင်းစဉ်းစားမှုများ ဆက်လက်ရှိနေသည်ကို အယူခံရုံးက အသိအမှတ်ပြု၏။ ယင်းအချက်ကြောင့် အယူခံတရားလွှတ်တော်သည် စစ်သတင်းထောက်တစ်ဦးအား သက်သေထွက်ဆိုပေးဖို့ တောင်းဆိုရန် တရားဝင်ဖြစ်မဖြစ် ဆုံးဖြတ်နိုင်ရန် အပိုင်းနှစ်ပိုင်းပါသော စစ်ဆေးမှုကို အောက်ပါအတိုင်း အဆိုပြုခဲ့၏။

*ပထမဦးစွာ အယူခံဝင်သောအဖွဲ့က အမှု၏ အဓိကပြဿနာတစ်ရပ်ကို ဆုံးဖြတ် ရာ၌ တိုက်ရိုက်ဖြစ်ပြီး အရေးကြီးတန်ဖိုး ရှိကြောင်း သက်သေပြရမည်ဖြစ်၏။ ဒုတိယအချက်မှာ ရှာဖွေသော အထောက်အထားများသည် အခြားနေရာများ၌ မရရှိနိုင်ကြောင်း ကျိုးကြောင်းဆီလျော်စွာ သက်သေပြရမည်ဖြစ်၏။* [4]

တရားလွှတ်တော်၏ သီးခြား ကျိုးကြောင်းဆင်ခြင်မှု အများစုသည် စစ်သတင်းထောက်များ၏ အထူးအခန်းကဏ္ဍနှင့် ၎င်းတို့၏ လှုပ်ရှားမှုများကို လှည့်ပတ် ဆင်ခြင်စဉ်းစားခြင်းဖြစ်သဖြင့် ဤချဉ်းကပ်မှုသည် အခြားသတင်းသမားများအတွက် မည်မျှအထိ သက်ရောက်မှုရှိ မည်ကို မသိရသေးချေ။ ကိစ္စတစ်ခုချင်းစီ၏ သီးခြားအခြေအနေများပေါ်တွင် များစွာမူတည်နိုင်ပါသည်။ မူရင်းထုတ်ဝေသော ဆောင်းပါးသည် ယင်း၏ ဆက်စပ်သက်ဆိုင်မှုနှင့် အခြား ဆက်စပ်ထည့်သွင်းစဉ်းစားချက်များပေါ်မူတည်၍ လက်ခံနိုင်သည်ဟုလည်း တရားလွှတ်တော်က ခံယူထား၏။

[3] *ယင်း၊* အပိုဒ် ၈။

[4] *ယင်း၊* အပိုဒ် ၅၀။ ဤကိစ္စနှင့်စပ်လျဉ်း၍ တရားလွှတ်တော်၏ အကြောင်းပြချက် အပြည့်အစုံသည် ဆုံးဖြတ်ချက် အပိုဒ် ၃၄-၅၁ တွင် ပါရှိ၏။

# 2. အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများ၏ ပဓာန အဓိပ္ပာယ်ဖွင့်ဆိုချက်

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဤလမ်းညွှန်ချက်သည် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး၏ ရောမပြဋ္ဌာန်းဥပဒေစာချုပ် (Rome Statute)၌ သတ်မှတ်ထားသည့်အတိုင်း ကြီးလေးသော ရာဇဝတ်မှုများကို အာရုံ စူးစိုက်ထား၏။ ထိုရောမသဘောတူစာချုပ် အပိုဒ် ၅(၁) တွင် လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှု၊ စစ်ရာဇဝတ်မှုများ ဖြစ်၏။ လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားဆန်မှုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှု၊ စစ်ရာဇဝတ်မှုနှင့် ရန်စကျူးကျော်ရန်လိုမှုဆိုင်ရာ ရာဇဝတ်မှု ဟူ၍ အမျိုးအစားလေးမျိုး သတ်မှတ်ထား၏။ သို့သော်လည်း ကွင်းဆင်းလုပ်ကိုင်နေသော သတင်းသမားများနှင့် သက်ဆိုင်မှု နည်းပါးစေရန် ယင်းတို့အနက် စစ်ဆင်ရေးကိစ္စများကို ညွှန်ကြားသည့် အကြီးတန်းပုဂ္ဂိုလ်များနှင့်သာ သက်ဆိုင်သည့် နောက်ဆုံးအချက်၌ အမျိုးမျိုးသော အခြေအနေများကို ထည့်သွင်းထား၏။ ရလဒ်အနေဖြင့် ဤလမ်းညွှန်ချက်သည် အခြားပြစ်မှုသုံးခုကို အာရုံစူးစိုက်မည်ဖြစ်၏။

**လူမျိုးသုဉ်းသတ်ဖြတ်မှု (Genocide)** ကို ရောမပြဋ္ဌာန်းဥပဒေစာချုပ် အပိုဒ် ၆ တွင် "နိုင်ငံသား၊ မျိုးနွယ်စု၊ လူမျိုးစု သို့မဟုတ် ဘာသာရေးဆိုင်ရာ အသင်းအဖွဲ့များ စသည်တို့ အားလုံးကို သို့မဟုတ် အချို့အစိတ်အပိုင်းကို ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ကျူးလွန်သည့် အောက်ဖော်ပြပါ လုပ်ရပ်များ"ကို ဆိုလိုကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထား၏။ ဤပြဋ္ဌာန်းချက်နှင့် သက်ဆိုင်သော ပြစ်မှုအမျိုးအစား ၅ မျိုးမှာ - (၁) လူတစ်စု၏အဖွဲ့ဝင်များကို ပစ်မှတ်ထားသော သတ်ဖြတ်ခြင်း၊ (၂) လူတစ်စု၏အဖွဲ့ဝင်များကို ခန္ဓာကိုယ် သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ပြင်းထန်စွာ အန္တရာယ်ပြုခြင်း၊ (၃) အသင်းအဖွဲ့တစ်ခုလုံး သို့မဟုတ် အချို့ကို စိတ်ပိုင်းဆိုင်ရာ ကျဆင်းပျက်စီးမှု ဖြစ်ပေါ်စေရန် တမင်တကာ ရည်ရွယ်၍ ထိုအုပ်စု၏ အသက်အန္တရာယ်ကို ထိပါးခြင်း၊ (၄) လူတစ်စုအတွင်း၌ ကလေးမွေးဖွားမှုကို တားဆီးရန်ဟူသော ရည်ရွယ်ချက်ဖြင့် ချမှတ်သည့် သတ်မှတ်ချက်ကို လိုက်နာစေခြင်း၊ (၅) ကလေးသူငယ် များကို လူအုပ်စုတစ်စုမှ အခြားလူအုပ်စုတစ်စုသို့ အတင်းအဓမ္မ ရွှေ့ပြောင်းခြင်းတို့ ဖြစ်၏။

**လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှု (Crimes Against Humanity)** ကို ရောမပြဋ္ဌာန်းဥပဒေစာချုပ် အပိုဒ် ၇(၁) တွင် "မည်သည့်အရပ်သားလူထုကိုမဆို ဦးတည်၍ စနစ်တကျ တိုက်ခိုက်သော သို့မဟုတ် ကျယ်ကျယ်ပြန့်ပြန့် တိုက်ခိုက်သော အောက်ပါ လုပ်ရပ်များ"ကို ဆိုလိုကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထား၏။ ဤပြဋ္ဌာန်းချက်နှင့် သက်ဆိုင်သော ပြစ်မှုအမျိုးအစား ၁၁ မျိုးမှာ - (၁) လူသတ်မှု၊ (၂) မျိုးဖြုတ်ခြင်း၊ (၃) ကျွန်ပြုခြင်း၊ (၄) ပြည်နှင်ဒဏ်ပေးခြင်း သို့မဟုတ် အတင်းအကျပ် ရွှေ့ပြောင်းခြင်း၊ (၅) ထောင်သွင်းအကျဉ်းချခြင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာအခြေခံစည်းမျဉ်းများကို ချိုးဖောက်၍ လူတစ်ယောက်၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ပြင်းထန်စွာ ဆုံးရှုံးစေခြင်း၊ (၆) ညှဉ်းပမ်းနှိပ်စက်ခြင်း၊ (၇) မုဒိမ်းကျင့်ခြင်း၊ လိင်ကျေးကျွန်ပြုခြင်း၊ အတင်းအကျပ် ပြည့်တန်ဆာအဖြစ် စေခိုင်းခြင်း၊ ကိုယ်ဝန်ရှိစေခြင်း၊ ကိုယ်ဝန်မရရှိစေခြင်း၊ အခြားဆိုးရွားသော လိင်အကြမ်းဖက်ခြင်း၊ (၈) သက်သေအထောက်အထားပြနိုင်သော မည်သည့်လူစုကိုမဆို ညှဉ်းပန်းနှိပ်စက် သို့မဟုတ် နိုင်ငံရေး၊ လူမျိုးရေး၊ အမျိုးသားရေး၊ မျိုးနွယ်စုရေး၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ လိင်စသည့် အုပ်စုများအား ညှဉ်းပန်းနှိပ်စက်ခြင်း၊ (၉) လူများအား အတင်းအကျပ် ပျောက်ဆုံးစေခြင်း၊ (၁၀) လူမျိုး, အသားအရောင် ခွဲခြားရေးဆိုင်ရာ ဝါဒနှင့်ဆိုင်သော ရာဇဝတ်မှုများပြုလုပ်ခြင်း၊ (၁၁) တမင်တကာ ရည်ရွယ်၍ ကြီးစွာ

သော ဆင်းရဲမှုကို ဖြစ်စေခြင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် ခန္ဓာပိုင်းဆိုင်ရာအရ ပြင်းထန်စွာ ထိခိုက်အနာတရ ဖြစ်စေခြင်း စသည့် အခြားလူမဆန်သည့် လုပ်ရပ်များ ဖြစ်၏။ အပိုဒ် ၇(၁) တွင်အသုံးပြုသော ဝေါဟာရအများအပြားကို အပိုဒ် ၇(၂) တွင် ထပ်မံ သတ်မှတ်ထား၏။ ဤလုပ်ရပ်များသည် လက်နက်ကိုင်ပဋိပက္ခအတွင်း၌ ဖြစ်စေ၊ ငြိမ်းချမ်းသော ကာလများ၌ ဖြစ်စေ အရပ်သားများအပေါ် ကျူးလွန်လျှင် လူသားမျိုးနွယ်စုတစ်ခုလုံးကို ထိခိုက်စေသည့် ရာဇဝတ်မှုများအဖြစ် သတ်မှတ်၏။ ဤနေရာ၌ အဓိပ္ပါယ်ဖွင့်ဆိုထားသည်မှာ- "မည်သည့်အရပ်သား လူထုကိုမဆို ဦးတည်၍ စနစ်တကျ တိုက်ခိုက်သော သို့မဟုတ် ကျယ်ကျယ်ပြန့်ပြန့် တိုက်ခိုက်သော လုပ်ရပ်မျိုး"ကို ဆိုလိုသည်။ ထို့အတူ ကျူးလွန်သော လုပ်ရပ်များအတွက် စာရင်းမှာလည်း အလွန်ကျယ်ပြန့်၏။ ထို့ကြောင့် *အစိုးရရှေ့နေနှင့် Nahimana, Barayagwiza and Ngeze တို့၏ အမှုတွင်* ရဝမ်ဒါနိုင်ငံဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ အမှုစစ်တရားခွင် (တရားလွှတ်တော်)က 'အမုန်းစကား'သည် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို ဖန်တီးသည့် လုပ်ရပ်များထဲမှ တစ်ခုဖြစ်ပြီး ယင်းသည် နှိပ်စက်ညှဉ်းပန်းခြင်းလည်း ဖြစ်နိုင်သည် သတ်မှတ်ခဲ့၏။[5]

**စစ်ရာဇဝတ်မှုများ (War Crimes)** ကို ရောမပြဋ္ဌာန်းဥပဒေစာချုပ် အပိုဒ် ၈(၂) တွင် အဓိက အမျိုးအစား လေးမျိုး ခွဲခြားလျက် ဖော်ပြထား၏။ (၁) "၁၉၄၉ ခုနှစ် ဩဂုတ် ၁၂ ရက်၊ ဂျီနီဗာသဘောတူညီချက်များ၏ ပြဋ္ဌာန်းချက်များကို လူအများ သို့မဟုတ် အရာဝတ္ထုများအပေါ် ပြင်းထန်စွာ ချိုးဖောက်မှုများ (ကျူးလွန်မှု ၈ မျိုး သတ်မှတ်ထား၏။)၊ (၂) အပြည်ပြည်ဆိုင်ရာ လက်နက်ကိုင်ပဋိပက္ခများတွင် ကျင့်သုံးရမည့် စစ်ဥပဒေနှင့် ကျင့်ထုံးဓလေ့များကို ပြင်းထန်စွာ ချိုးဖောက်မှုများ (ကျူးလွန်မှု ၂၆ မျိုး သတ်မှတ်ထား၏။)၊ (၃) အပြည်ပြည်ဆိုင်ရာ လက္ခဏာမဆောင်သည့် လက်နက်ကိုင်ပဋိပက္ခ (ပြည်တွင်းစစ်)များအတွက် "၁၉၄၉ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက် ဂျီနီဗာသဘော တူညီချက် လေးရပ်မှ ပုဒ်မ ၃ ကို ပြင်းထန်စွာ ချိုးဖောက်ခြင်း" (ကျူးလွန်မှု ၄ မျိုး သတ်မှတ်ထား၏။)၊ (၄) အပြည်ပြည်ဆိုင်ရာ လက္ခဏာမဆောင်သည့် လက်နက်ကိုင်ပဋိပက္ခ (ပြည်တွင်းစစ်)များအတွက် တစ်ဖန် "လက်နက်ကိုင်ပဋိပက္ခများတွင် ကျင့်သုံးရမည့် စစ်ဥပဒေနှင့် ကျင့်ထုံးဓလေ့များကို ပြင်းထန်စွာ ချိုးဖောက်မှုများ (ကျူးလွန်မှု ၁၂ မျိုး သတ်မှတ်ထား၏။) ဤနေရာ၌ အဓိပ္ပါယ်ဖွင့်ဆိုထားသည်မှာ- "ပြင်းထန်သော" သို့မဟုတ် "ဆိုးရွားသော" ချိုးဖောက်ကျူးလွန်မှုများကို ဆိုလို၏။ အပြည်ပြည်ဆိုင်ရာ စစ်ရာဇဝတ်မှု မြောက်နိုင်သော အမှုများမှာ- (၁) လူများကို သတ်ဖြတ်ခြင်း၊ မျိုးသုဉ်းစေခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းနှင့် ရက်ရက်စက်စက် ဆက်ဆံ ခြင်း၊ (၂) လူတစ်ယောက်၏ ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းအောင် ဆက်ဆံခြင်း၊ ဓားစာခံအဖြစ် ခေါ်ဆောင်ခြင်း၊ (၃) ရည်ရွယ်ချက်ရှိရှိဖြင့် အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ (၄) ဂျီနီဗာသဘောတူစာချုပ်က သတ်မှတ်ထားသည့် သင်္ကေတများ ပါရှိသည့် အဆောက်အဦများ၊ ပစ္စည်းများ၊ ဆေးဝါးဌာနများနှင့် ယာဉ်များကို ပစ်မှတ်ထား တိုက်ခိုက်ဖျက်ဆီးခြင်း၊ (၅) လူသားချင်းဆိုင်ရာ စာနာမှုဝန်ထမ်းများနှင့် ငြိမ်းချမ်းရေးတပ်ဖွဲ့များကို ပစ်မှတ်ထား တိုက်ခိုက်ခြင်း၊ (၆) ဘာသာရေး၊ ယဉ်ကျေးမှု၊ အထိမ်းအမှတ်များ၊ ဆေးရုံများနှင့် လူနာများ ထားရှိသော နေရာများကို ပစ်မှတ်ထား တိုက်ခိုက်ခြင်း၊ (၇) မုဒိမ်းကျင့်ခြင်း၊ လိင်စော်ကားခြင်း၊ အတင်းအကျပ် ပြည့်တန်ဆာအဖြစ် စေခိုင်းစေခြင်း၊ ကိုယ်ဝန်ရစေခြင်း၊ သားကြောဖြတ်ခြင်းနှင့် အခြားပုံစံများဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ (၈) အသက် ၁၅ နှစ်အောက် ကလေးများကို စစ်ပွဲများတွင် ပါဝင်စေခိုင်းစေခြင်း၊ (၉) ရပ်ရွာ လူထုများကို လုံခြုံရေးအကြောင်းကြောင့် မဟုတ်ဘဲ ရွှေ့ပြောင်းခြင်း၊ (၁၀) ဒဏ်ရာရသော တစ်ဘက်တပ်သားများကို ရက်ရက်စက်စက် သတ်ဖြတ်ခြင်း၊ (၁၁) စစ်သုံ့ပန်းများကို တစ်ယောက်မကျန် သတ်ဖြတ်ခြင်း၊ ၎င်းတို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို ဖြတ်တောက်ခြင်း၊ ဆေး သို့မဟုတ် သိပ္ပံပညာ စမ်းသပ်မှုများကို လုပ်ဆောင်ခြင်း၊ (၁၂) လိုအပ်ချက်အရ မဟုတ်ဘဲ လူထု၏ ကိုယ်ပိုင်ပစ္စည်းများကို ဖျက်ဆီးခြင်း၊ သိမ်းပိုက်ခြင်း

တို့အပြင်- အဆိပ် သို့မဟုတ် တားမြစ်ထားသော ကျည်ဆန်အမျိုးအစားများကို အသုံးပြုခြင်း သို့မဟုတ် အရပ်သားများကို လူသားဒိုင်းများအဖြစ် အသုံးပြုခြင်းကဲ့သို့သော တားမြစ်ထားသော စစ်ပွဲပုံစံများ ပါဝင်ခြင်း စသည်တို့ ဖြစ်၏။ ယင်း၌ အကျုံးဝင်သော ကျူးလွန်မှုများ၏ နယ်ပယ်မှာ အလွန်ကျယ်ပြန့်ကြောင်း ထပ်မံသိရှိနိုင်၏။

ရောမပြဋ္ဌာန်းဥပဒေစာချုပ်ပါ အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုများ၏ အဓိကအနှစ်သာရကို ဤနေရာ၌ အကျဉ်းချုံး ဖော်ပြရခြင်း၏ ရည်ရွယ်ချက်မှာ စာဖတ်သူများအနေဖြင့် ၎င်းတို့၏ နယ်ပယ်ကို တိကျစွာ သိနားလည်လာစေရန် ကြိုးစားခြင်း မဟုတ်ချေ။ ယင်းအစား ဤရည်ရွယ်ချက်အရ ထိုသို့သော ရာဇဝတ်မှုများ ဖြစ်လာစေနိုင်သော လုပ်ရပ် အမျိုးအစားများကို ယေဘုယျ သဘောပေါက်နားလည်လာစေရုံမျှသာဖြစ်၏။ သတင်းသမားများအတွက် အဓိက ဆောင်ရွက်ရမည့် အချက်မှာ အပြည်ပြည်ဆိုင်ရာရာဇဝတ်မှု များကို အလွန် ကျယ်ပြန့်စွာ သတ်မှတ်ခြင်းပင် ဖြစ်၏။

အခြေခံရာဇဝတ်မှုများအကြောင်း ဤနေရာ၌ ပြောသင့်ရာ ဤရာဇဝတ်မှုတစ်ခုစီအတွက် စာရင်းများ၌ ဖော်ပြပါရှိသော အရင်းခံလုပ်ရပ်များ - ထို့နောက် ယင်းတို့အား အပြည်ပြည် ဆိုင်ရာရာဇဝတ်မှုများအဖြစ် (ဥပမာ- ကျယ်ပြန့်သော သို့မဟုတ် စနစ်တကျ သို့မဟုတ် ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း၊ သက်ဆိုင်ရာအဖွဲ့ တစ်ဖွဲ့ စသည်ဖြင့်) ဘာသာပြန်ဆို သတ်မှတ်ရန် လိုအပ်သည်များကို ဆိုလို၏။ သတင်းသမားများအတွက် ဤကိစ္စနှင့်ပတ်သက်၍ အလွန်အမင်း စိုးရိမ်ပူရန် သိပ် အရေးမကြီးခြင်း လည်း ဖြစ်နိုင်၏။ ယင်းအစား ကျူးလွန်ခံရသော အခြေခံရာဇဝတ်မှုဆိုင်ရာ အထောက် အထားများကို ကိုယ်စားပြုနိုင်သည့် အချက်များကို စုဆောင်းပြီး အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများကို ကိုယ်စားပြုခြင်း ရှိ/မရှိ ဆုံးဖြတ်၍ ပရော်ဖက်ရှင်နယ် စုံစမ်းစစ်ဆေးသူများ သို့မဟုတ် အစိုးရရှေ့နေများကဲ့သို့သော အခြား သူများကို ဆောင်ရွက်ခွင့်ပြုသင့်၏။

[5] စီရင်ချက်နှင့် အမိန့်၊ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၃ ရက်၊ အမှုအမှတ် ICTR-99-52-T၊ အပိုဒ် ၁၀၇၂၊ https://ucr.irmct.org/scasedocs/case/ICTR-99-52#eng.

ပြစ်မှုတစ်ခုစီကို သီးခြားအစိတ်အပိုင်းများ (သို့မဟုတ် အပိုင်းကဏ္ဍများ)အဖြစ် ခွဲခြားနိုင်ပြီး၊ ယင်းတို့ တစ်ခုချင်းစီမှာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရရေးအတွက် သက်သေပြရန် လိုအပ်သည့်အရာများ ဖြစ်ကြ၏။ ဥပမာ- နှစ်ဦးသဘောတူ လိင်ဆက်ဆံလျှင် မုဒိမ်းမှု မဟုတ်သဖြင့် ထိုပြစ်မှုအတွက် သက်သေပြရန်မှာ ‘သဘောတူညီမှု မရှိခြင်း’ပင် ဖြစ်၏။ အလွန်အရေးကြီးသော အချက်မှာ ရာဇဝတ်မှုတိုင်း၌ စွပ်စွဲခံရသူသည် ရာဇဝတ်မှု (သို့မဟုတ် လုပ်ရပ်)၏ ရုပ်ပိုင်းဆိုင်ရာ အစိတ်အပိုင်းတစ်ခုစီကို ကျူးလွန်ခြင်းနှင့် စွပ်စွဲခံရသူသည် (ကျယ်ပြန့်စွာ ဖွင့်ဆိုရလျှင် သူ သို့မဟုတ် သူမသည် ကျူးလွန်ရန် ကြံရွယ်ချက်ဖြင့်) စိတ်ပိုင်းဆိုင်ရာ အပြစ်ရှိခြင်း နှစ်မျိုးလုံးကို ကျူးလွန်ကြောင်း သက်သေပါရှိ၏။ အကြောင်းအချက်အမျိုးမျိုးတို့က ရည်ရွယ်ချက်ကို သက်သေပြနိုင်၏။ ဥပမာ- နယ်မြေတစ်ခုတွင် အရပ်သားတစ်ဦး၏ ဦးခေါင်းနောက်ဘက်၌ သေနတ်ဖြင့် အပစ်ခတ်ခံရခြင်းသည် အပေါင်ပစ္စည်းပျက်စီးမှုဖြစ်စဉ်မျိုးနှင့်ဆန့်ကျင်ဘက်ဖြစ်ပြီး ထိုအချိန်၌ တိုက်ပွဲဖြစ်ပွားခြင်း မရှိဘဲ သတ်ဖြတ်ရန် ရည်ရွယ်ချက်သက်သက်ဖြစ်ကြောင်း သက်သေပြနိုင်မည်ဖြစ်၏။ ကိစ္စအတော်များများ၌ ရည်ရွယ်ချက်ရှိကြောင်း သက်သေပြရခြင်းသည် တရားစွဲခံရခြင်းအတွက် အခက်ခဲဆုံး ပြဿနာဖြစ်သောကြောင့် ရည်ရွယ်ချက်ရှိကြောင်း ပြသနိုင်သည့် အချက်အလက်များကို ဖမ်းယူရရှိရေး ကြိုးစားရန် အရေးကြီးလေ၏။

# 3. သက်သေအထောက်အထားများဆိုင်ရာ အထွေထွေကိစ္စရပ်များ

ဤလမ်းညွှန်၏ ရည်ရွယ်ချက်ပေါက်မြောက်ရေးအတွက်ဆိုလျှင် "သက်သေအထောက်အထား" သို့မဟုတ် "လက်ခံနိုင်သော သက်သေခံအထောက်အထား" ဟု ခွဲခြားသုံးနှုန်းနိုင်ပြီး၊ ပထမစကားလုံးမှာ စွပ်စွဲခံရသူ၌ အပြစ်ရှိ/မရှိ သက်သေပြချက် တစ်စိတ်တစ်ပိုင်းအနေဖြင့် တရားရုံး၌ တင်ပြနိုင်သည်ဟု ဆိုလို၏။ သက်သေခံအထောက်အထားများကို အဓိကအမျိုးအစားသုံးမျိုးအဖြစ် ကျယ်ပြန့်စွာ ခွဲထုတ်နိုင်၏။ ယင်းတို့မှာ- ရာဇဝတ်မှုတစ်ခု ကျူးလွန်ကြောင်း တိုက်ရိုက်ညွှန်ပြခြင်း (သေနတ်ဒဏ်ရာဖြင့် သေဆုံးသွားသော အရပ်သားတစ်ဦး၏ ရုပ်ပုံ)၊ အဆက်အစပ်အရ - တာဝန် ရှိသူကို ညွှန်ပြခြင်း (ထိုကျည်ဆန်ပါ သေနတ်ကို ပစ်ခတ်ခဲ့သူအကြောင်း မျက်မြင်သက်သေတို့၏ ထွက်ဆိုချက်)၊ သို့မဟုတ် အကြောင်းအရာဆက်စပ်မှုအရ – အခြား သက်သေအထောက်အထားများကို အနက်ဖွင့်ဆိုရာ၌ အကူအညီ ဖြစ်စေသော ကိစ္စရပ်တွင် ပိုမိုကျယ်ပြန့်သော ပြဿနာများကို နားလည်စေရန် အကူအညီပေးခြင်း (ထိုကျည်ဆံဖြင့် ပစ်ခတ်သည့်အချိန်တွင် ရန်သူစစ်သားများ ထိုနေရာတွင် ရှိမနေကြောင်း ညွှန်ပြသည့် ဂြိုလ်တုရုပ်ပုံများ) ဖြစ်၏။

ရရှိလာသော အချက်အလက်များကဲ့သို့ပင် အချို့သက်သေအထောက်အထားများသည် လက်ရှိရည်ရွယ်ချက်များအတွက် ပိုမို ဆီလျော်သော ပုံသွင်အမျိုးမျိုးဆောင်လျက်ရှိရာ - ရုပ်ပုံများ (ဓာတ်ပုံ သို့မဟုတ် ဗီဒီယို)၊ သက်သေခံချက် (ဥပမာ- သေဆုံးသူများ သို့မဟုတ် သက်သေများက လက်မှတ်ရေးထိုးထားသော စာရွက်စာတမ်းများ သို့မဟုတ် အသံ သို့မဟုတ် ဗီဒီယိုတိပ်ခွေများ)၊ ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားများ (ဥပမာ- ကျည်ဆန်ခွံများ)၊ စာရွက်စာတမ်း သက်သေခံအထောက်အထားများ (ဥပမာ- လက်မှတ်ရေးထိုးထားသော စာတစ်စောင်)နှင့် ကျွမ်းကျင်ပညာရှင်တို့၏ သက်သေခံအထောက်အထားများ (ဥပမာ- ရုပ်ပုံတစ်ခု၏ ညွှန်ပြချက်များကို ဖော်ထုတ်ရန် မှုခင်းဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှု) တို့ ဖြစ်ကြ၏။ ပုံမှန်အားဖြင့် သတင်းသမားတို့သည် ပထမလေးခုကို အာရုံစူးစိုက်ကြပြီး၊ ပထမဆုံးနှစ်ခုအတွက် အဓိကထား လုပ်ဆောင်ကြ၏။ သက်သေခံအထောက်အထားများကို ဖမ်းယူရာ၌ တိုက်ရိုက် (ဥပမာ- မှုခင်းမြင်ကွင်းတစ်ခုကို ဓာတ်ပုံရိုက်ခြင်းဖြင့်) သို့မဟုတ် သွယ်ဝိုက်၍ (ဥပမာ- ပြစ်မှုကျူးလွန်ခံရသူ သို့မဟုတ် သက်သေကို တွေ့ဆုံမေးမြန်းခြင်းမှတစ်ဆင့်) ရယူနိုင်၏။

ကျယ်ပြန့်စွာ ဆိုရလျှင် သက်သေအထောက်အထားအဖြစ် သတ်မှတ်ခံနိုင်ရန်အတွက် အဓိက အချက်သုံးချက်ကို တင်ပြရမည်။ (တရားရုံးတွင် တင်ပြနိုင်စေရမည်ဟူ၍ ဆိုလိုသည်။) အကယ်၍ သတင်းအချက်အလက်များသည် ဤအချက်သုံးချက်လုံးနှင့် မကိုက်ညီသော်လည်း၊ တရားမျှတမှုဆိုင်ရာ ဇာတ်ဆောင်များ၏ စီမံခန့်ခွဲရေးနှင့် ဆက်စပ်သက်ဆိုင်နေနိုင်သေး၏။ ဥပမာအားဖြင့်- ဤအရည်အသွေးများအနက်မှ တချို့သော အချက်အလက်များ ချို့တဲ့နေလျှင်ပင် တရားဝင်စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် ဖမ်းဆီးခြင်းနှင့် လုံလောက်စွာ ဆက်စပ်နေနိုင်သေး၏။

## 1. ဆက်စပ်သက်ဆိုင်မှု

ဆက်စပ်သက်ဆိုင်မှုဟူသည် ရာဇဝတ်မှု၏ အစိတ်အပိုင်းများအနက်မှ တစ်ခုကို သက်သေပြရန် သို့မဟုတ် ယင်းကို အခြားနည်းဖြင့် သက်သေပြရန်အတွက် သတင်းအချက်အလက်တို့၏ သဘောထားကို ရည်ညွှန်းလျက် ရှိပြီး "ဖြစ်နိုင်ခြေပိုများသော သို့မဟုတ် ဖြစ်နိုင်ခြေနည်းသော အချက်တစ်ခု၏ တည်ရှိမှု" ကို ဖြစ်ပေါ်စေ၏။ [6] မကြာခဏဆိုသလိုပင် သက်သေအထောက်အထားများကို အခြားအထောက်အထားများဖြင့် အတည်ပြုရန် လိုအပ်၏။ စင်စစ် သတင်းအချက်အလက်တို့သည် ရာဇဝတ်မှုတစ်ခု၏ အစိတ်အပိုင်းတစ်ခုကိုသာ သက်သက်ကွက်လျက် သက်သေပြခြင်း သို့မဟုတ် သက်သေမပြခြင်းသည် ဆက်စပ်သက်ဆိုင်မှု မရှိဟု မဆိုလိုချေ။ သို့သော် ရာဇဝတ်မှုတစ်ခု၏ အစိတ်အပိုင်းတစ်ခု ဖြစ်ကြောင်း သို့မဟုတ် မဟုတ်ကြောင်း, အကယ်၍ ဆက်စပ်နည်းလမ်းတစ်ခုသာ ရှိလျှင်တောင်မှ, သက်သေပြရာ၌ ရုပ်ပိုင်းဆိုင်ရာအရ ပံ့ပိုးပေးရန် လိုအပ်၏။ အဆုံးစွန်အားဖြင့် စုံစမ်းစစ်ဆေးသူများ၊ တရားလိုရှေ့နေများ, တရားခံရှေ့နေများနှင့် တရားသူကြီးတို့သည် ဆက်စပ်သက်ဆိုင်မှု ရှိ/မရှိကို အဆုံးအဖြတ်ပေးမည်ဖြစ်၏။ သို့သော် အထက်ဖော်ပြပါ အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုများအတွက် အဓိကကျသော အသေးစိတ်အချက်များသည် သတင်းသမားများအနေဖြင့် ပိုမိုဆက်စပ်သက်ဆိုင်နိုင်ခြေရှိသော သတင်းအချက်အလက်များအပေါ် အာရုံစူးစိုက်ရာ၌ အထောက်အကူ ဖြစ်စေရန် ရည်ရွယ်ပါ၏။

## 2. ယုံကြည်စိတ်ချရမှု

ယုံကြည်စိတ်ချရမှုဆိုသည်မှာ တရားရုံးများက သက်သေအဖြစ် လက်ခံနိုင်ရန် လိုအပ်သော အရည်အသွေးများ ပါရှိသည့် အချက်အလက်များကို ရည်ညွှန်းသည်။ ထို့ကြောင့် ယင်းမှာ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များအတွက် အရေးကြီးဆုံး အချက်သုံးချက်ဖြစ်ပြီး သတင်းအချက်အလက်နှင့်စပ်လျဉ်းသော သတင်းသမားတို့၏ သီးခြားလုပ်ဆောင်ချက်များသည် သက်ရောက်မှုအရှိဆုံးဖြစ်သည်။

ယေဘုယျအားဖြင့် ယုံကြည်စိတ်ချရမှုကို အရည်အသွေးခွဲ သုံးမျိုးအဖြစ် ပိုင်းခြားနိုင်ပါသည်။

- အတည်ပြုနိုင်မှု- သတင်းအချက်အလက်ဟူသည် အခိုင်အမာ ဆိုအပ်သည့်အရာဖြစ်၏။ အင်္ဂါရပ်များစွာတို့သည် ဥပမာ- အချက်အလက် ဖမ်းယူရရှိခဲ့သော တည်နေရာ၊ ရက်စွဲနှင့် အချိန်တို့ကို ညွှန်ပြခြင်းတို့သည် - အလွန်အရေးကြီးသည်ဟု ဆိုနိုင်သော မက်တာဒေတာသို့ ဦးတည်လေ့ရှိ၏။
- စစ်မှန်မှု- သတင်းအချက်အလက်ကို ကရော်ကမယ် မဖြစ်စေခြင်း။ ဤနေရာ၌ အင်္ဂါရပ်များစွာနှင့် စပ်ဆိုင်လျက် ရှိရာ ယင်းတို့အနက် သတင်းအချက်အလက်များအတွက် ယုံကြည်စိတ်ချရသော နောက်ကြောင်းပြန် ခြေရာခံနိုင်သည့်စနစ် (CoC) တစ်ခုကို သရုပ်ပြသနိုင်ခြင်းသည် အရေးကြီး၏ (ဒစ်ဂျစ်တယ်ဖိုင်များကို မည်သူ ရယူခွင့်ရှိသည်ကို ရှင်းလင်းစွာ သိစေခြင်းကို ဆိုလို၏။)
- သတင်းအချက်အလက်အတွက် ပေးအပ်ရမည့် ယုံကြည်စိတ်ချရမှု သို့မဟုတ် အလေးပေးမှု။ ယင်းသည် သတင်းရင်းမြစ် သို့မဟုတ် သတင်းရေးသားသူအပြင် အမှုကိစ္စတွင် ပြဿနာရှိနေသော အချက်အလက်များကို မည်ကဲ့သို့ အဆုံးအဖြတ် ပေးသည် စသော အချက်များစွာတို့အပေါ်၌ မူတည်နေပါသည်။

[6] Nikita Mehandru and Alexa Koenig, "Open Source Evidence and the International Criminal Court" (ပွင့်လင်းသော အရင်းအမြစ် သက်သေခံအထောက်အထားနှင့် နိုင်ငံတကာရာဇဝတ်တရားရုံး), (2022) 35 Harvard Human  Rights Journal, https://harvardhrj.com/2019/04/open-source-evidence-and-the-international-criminal-court/

## 3. တရားစီရင်ရေးဆိုင်ရာ မမျှတသော အကျိုးသက်ရောက်မှု

အကယ်၍ ယင်းမှာ အပြစ်ကင်းစင်သည်ဟူသော ယူဆချက်ကို ချိုးဖောက်ရာရောက်သည့် စွပ်စွဲခံရသူအပေါ် မလိုမုန်းထားမှုအား အထူးအာရုံစိုက်လျက် တရားစီရင်ရေးဆိုင်ရာ အကျိုးသက်ရောက်မှုတစ်စုံတစ်ခု ဖန်တီးနိုင်ဖွယ် ရှိလျှင် ထိုအချက်အလက်များကို ဖယ်ထုတ်ခြင်း သို့မဟုတ် လက်ခံနိုင်ခြင်းမရှိဟု မှတ်ယူနိုင်ပါသည်။ ဥပမာအားဖြင့်- ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များသည်ပင်လျှင် လှည့်ဖြားခြင်း သို့မဟုတ် စိတ်ခံစားမှုအရ ဘက်လိုက်ရန် ဖန်တီးပေးခြင်း သို့မဟုတ် (တရားသူကြီး သို့မဟုတ် ဂျူရီလူကြီး စသော) ဆုံးဖြတ်ချက်ချမှတ်သူအား မတရားသဖြင့် လှည့်ဖြား သွေးဆောင်ခြင်း ဖြစ်နိုင်၏။ ဥပမာအားဖြင့်- အရပ်သားတစ်ဦး၏ ဦးခေါင်းကို ထိမှန်သည့် ကျည်ဆန်တစ်ခုကို တိုက်ရိုက်ထုတ်လွှင့်သော မနှစ်မြို့ဖွယ် ဗီဒီယိုတစ်ခုသည် ပြင်းထန်စွာ စိတ်လှုပ်ရှားခံစားချက်ဖြင့် တုံ့ပြန်မှုတစ်မျိုးကို ဖြစ်ပေါ်စေနိုင်သော်လည်း ဦးခေါင်းခွံ၌ ကျည်ဆန်ထိရာအပေါက်ကို ပြသထားသည့် အရပ်သား၏ သာမန် ရုပ်သေဓာတ်ပုံတစ်ပုံသည် ရုပ်သံဗီဒီယို အထောက်အထားနှင့် တူညီသော သက်ဆိုင်မှု ရှိနိုင်သော်လည်း သိသာသော စိတ်ခံစားမှုဆိုင်ရာ သက်ရောက်မှုမျိုး မရှိနိုင်ချေ။ စွပ်စွဲခံရသူတစ်ဦးက ရဲကို ကြမ်းတမ်းစွာ တုန့်ပြန်ပြုမူ, ဆဲဆိုနေသော ဗီဒီယိုတစ်ခုသည် ၎င်းတို့ကို လုံးဝ ကွဲပြားခြားနားသော ပြစ်မှုဖြင့် စွဲချက်တင်ထားသော်လည်း တရားစီရင်ရေးအရ ထိခိုက်စေသည်ဟု မှတ်ယူနိုင်၏။ လက်တွေ့ကျသော ကိစ္စတစ်ရပ်အနေဖြင့် သတင်းသမားများအတွက် (ဤအခြေခံတွင် သတင်းအချက်အလက်များအား ချန်လှပ်ထားခြင်းကို ရှောင်ရှားရန်) အကောင်းဆုံးနည်းလမ်းမှာ ဖြစ်နိုင်ပါက စာရွက်စာတမ်းအထောက်အထားများကို ပုံစံနှစ်မျိုးစုံဖြင့် ကြိုးစားရယူခြင်းဖြစ်သည်ဟု ဆိုနိုင်၏။

# 4. အထောက်အထားများ စုဆောင်းခြင်း

ဤလမ်းညွှန်၏ ယခုကဏ္ဍသည် တရားရုံးက သက်သေအဖြစ် လက်ခံနိုင်မည့် အခွင့်အလမ်းကို တိုးမြှင့်လာစေရန်အတွက် အချက်အလက်များကို မည်သို့စုဆောင်းရမည်အကြောင်း အလွန် လက်တွေ့ကျသော အကြံဉာဏ်ကို ပေးပါ၏။ မည်သူမျှ သတိမပေးလျှင်ပင် သတင်းသမားမှန်သမျှ ပဋိပက္ခဇုန်အတွင်း အထူးသဖြင့် ပဋိပက္ခမှုများ ဖြစ်ပေါ်နေခိုက် ကာကွယ်ရေး ဝတ်စုံများ ဝတ်ဆင်ခြင်းကဲ့သို့သော သင့်လျော်သည့် ကြိုတင်ကာကွယ်မှုများ လိုအပ်မည်ဖြစ်သည်။

## သတင်းအချက်အလက်ကို တိုက်ရိုက် အမိအရ ရယူခြင်း

ဓာတ်ပုံ၊ ဗီဒီယို သို့မဟုတ် အသံဖမ်းခြင်းမှဖြစ်စေ အချက်အလက်များကို တိုက်ရိုက်မှတ်တမ်းတင်သည့်အခါ အခြေခံ ရည်မှန်းချက်မှာ မက်တာဒေတာအပါအဝင် အချက်အလက်များစွာကို တတ်နိုင်သမျှ ပံ့ပိုးပေးနိုင်ရန် ဖြစ်ပြီး အချက်အလက်များကို မည်သည့်နေရာ, မည်သည့်အချိန်တွင် စုဆောင်းထားသည်၊ မည်သူနှင့် မည်သို့သက်ဆိုင်သည်တို့ကို ဖော်ထုတ်ရန်ဖြစ်သည်။ ခေတ်မီစက်ပစ္စည်းများစွာသည် အသံသွင်းမှုများနှင့် အက်ပလီကေးရှင်းများစွာသို့ ရက်စွဲ၊ အချိန်နှင့် တည်နေရာအချက်အလက်ကို အလိုအလျောက် ပူးတွဲပို့ပေးနိုင်သည်။ The Guardian နှင့် WITNESS ၏ ပူးတွဲပရောဂျက် တစ်ခုဖြစ်သည့် eyeWitness နှင့် InformaCam စသည်တို့ကလည်း ယင်းပံ့ပိုးမှုမျိုးကို လုပ်ဆောင်ပေးနိုင်၏။ (အရင်းအမြစ်များကဏ္ဍတွင် ကြည့်ပါ။) အသံသွင်းခြင်းလုပ်ငန်း၏ တစ် စိတ်တစ်ပိုင်းအနေဖြင့် နာရီ၊ လမ်းညွှန်ဆိုင်းဘုတ် သို့မဟုတ် ရုပ်ပုံကဲ့သို့သော ပြင်ပရင်းမြစ်များကို ဖမ်းယူခြင်းသည် ယင်းကိုလုပ်ဆောင်ရန် အခြားနည်းလမ်းတစ်ခုဖြစ်လေ၏။ အချက်အလက်များကို လမ်းကြောင်းတစ်ခုထက် ပို၍ ပံ့ပိုးပေးခြင်းမျိုးကို တည်ဆောက်ထားခြင်းသည် အမြဲတစေ အထောက်အကူဖြစ်စေ၏။ ဖြစ်နိုင်လျှင် မျက်မြင်သက်သေများနှင့်အတူ သတင်းအချက်အလက်ကို မှတ်တမ်းရယူခြင်းမျိုးသည် အလွန်အသုံးဝင်လေ၏။

ပံ့ပိုးအချက်အလက်များ ဥပမာအားဖြင့်- အသံဖမ်းယူခြင်း၏ တစ်စိတ်တစ်ဒေသဖြစ်သော အသံမှတ်တမ်းပုံစံ သို့မဟုတ် လက်မှတ်ရေးထိုးထားသော စာရွက်စာတမ်းတို့ကို အသံဖမ်းယူခြင်းနှင့်အတူ ပံ့ပိုးပေးနိုင်၏။ သက်ဆိုင်ရာ မက်တာဒေတာ နှစ်ခုလုံး၏ သီးခြားစီ ရေးသားထားသော အကျဉ်းချုပ်နှင့် မည်သူက, မည်သူ့ထံမှ ဖမ်းယူရရှိခဲ့သည် ဟူသော တိကျစွာ သရုပ်ဖော်ပြချက်အပြင် နောက်ထပ် ပံ့ပိုးအချက်အလက်တစ်စုံတစ်ရာကို သိမ်းဆည်းထားရှိလျှင် အမြဲတစေ အသုံးဝင်နေမည်ဖြစ်၏။ ("ကျွန်တော်/ကျွန်မက တိုက်ပွဲဖြစ်ပြီး မကြာမီပင် ဒီလမ်းသွယ်ထဲကို ဝင်ရောက်ခဲ့ပြီး, အနီးအနား၌ ပစ်ခတ်သံများကို အခုထိ ကြားနေရပါတယ်။") ယင်းသည် မှတ်တမ်းတင်ထားသော အချက်အလက်များကို အတည်ပြုရေးအတွက် အကူအညီပေးရုံမျှသာမက နောက်ပိုင်းတွင် ထိုအချက်အလက်များနှင့်ပတ်သက်၍ တရားရုံးတွင် သက်သေထွက်ဆိုရန် ဆင့်ခေါ် ခံရပါက သင်၏ မှတ်ဉာဏ်ကို ပြန်လည်ဆန်းသစ်ရန်လည်း အထောက်အကူဖြစ်စေအပ်၏။

ပြင်ပအဖွဲ့အစည်း/ပုဂ္ဂိုလ်တစ်ဦးက မှတ်တမ်းများ၊ စာရွက်စာတမ်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အထောက်အထားများကဲ့သို့

သော အချက်အလက်များ ပံ့ပိုးပေးသည့်အခါ ယင်းတို့ကို သင့်အား ပေးအပ်ခဲ့သူနှင့် ယင်းနှင့်သက်ဆိုင်သည့် သက်ဆိုင်ရာ မက်တာဒေတာများ (ယင်းတို့ကို မည်သည့်အချိန်တွင် မည်သည့်နေရာ၌ ရယူခဲ့သည်)တို့ကို မှတ်တမ်းတင်ရန် အရေးကြီးလေ၏။)

ဖမ်းယူမည့် သတင်းအချက်အလက်နယ်ပယ် အတိုင်းအတာအရ ကျူးလွန်ခဲ့ပုံပေါ်သည့် ရာဇဝတ်မှုအမျိုးအစားများနှင့် ပြစ်မှုကျူးလွန်ကြောင်း ဖော်ထုတ်ရန် အထောက်အကူဖြစ်စေနိုင်သော သတင်းအချက်အလက်, ယင်းကို မည်သူက မည်သည့်ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခဲ့ကြောင်းတို့ကို ဆင်ခြင်စဉ်းစားပါ။ ပြစ်မှု၏ သားကောင်များ, မျက်မြင်သက်သေများနှင့် ပါဝင်ပတ်သက်ခဲ့ရန် အလားအလာရှိသော လူပုဂ္ဂိုလ်များအား တွေ့ဆုံမေးမြန်းခြင်းသည် ဖမ်းယူရရှိထားသော သတင်းအချက်အလက်နယ်ပယ်ကို ချဲ့ထွင်ရန်အတွက် အလွန်အစွမ်းထက်သော နည်း လမ်းတစ်ခုပင် ဖြစ်လေ၏။

## ပြစ်မှု၏ သားကောင်များနှင့် မျက်မြင်သက်သေများကို တွေ့ဆုံမေးမြန်းခြင်း

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ပြစ်မှု၏ သားကောင်များနှင့် မျက်မြင်သက်သေများအား တွေ့ဆုံမေးမြန်းမှုသည် ရာဇဝတ်မှု ကျူးလွန်ခြင်းဆိုင်ရာ အရေးကြီးသော အချက်အလက် သို့မဟုတ် ရာဇဝတ်မှုဆိုင်ရာ တိုက်ရိုက် အချက်အလက်များကို ပေးစွမ်းနိုင်သည်။ ပံ့ပိုးအချက်အလက်နှင့် ရယူမည့် သတင်းအချက်အလက်နယ်ပယ်တို့နှင့် စပ်ဆိုင်သော အထက်ဖော်ပြပါအချက်များသည် သတင်းအချက်အလက်များကို ၎င်းတို့ တိုက်ရိုက်ဖမ်းယူစဉ် လုပ်ဆောင်ပုံအတိုင်း ဤနေရာ၌ ဖော်ပြထား၏။

ဖြစ်နိုင်ခြေရှိသော တွေ့ဆုံမေးမြန်းခံမည့်သူအား အမှန်တကယ် တွေ့ဆုံမေးမြန်းခြင်းမပြုမီ ၎င်းတို့ထံမှ သဘောတူညီချက် ရယူထားရန် အလွန် အရေးကြီး၏။ "အသိပေးရန် သဘောတူညီချက်" ဟူသော သဘောတရားသည် အခြေခံမူ လေးချက်၌ တည်မှီနေ၏။ တွေ့ဆုံမေးမြန်းမှု၏ ရည်ရွယ်ချက်နှင့် ထိုတွေ့ဆုံမေးမြန်းမှုကို မည်သို့အသုံးပြုရန် ရည်ရွယ်ကြောင်းကို ၎င်းတို့အား ကြိုတင်အသိပေးခြင်း၊ (ဤသို့ တွေ့ဆုံမေးမြန်းခံရန် ဖိအားပေးခြင်း မရှိဘဲ) ကာယကံရှင်၏ ဆန္ဒအလျောက်ဖြစ်ခြင်း၊ တွေ့ဆုံမေးမြန်းခြင်းကို မည်သို့ အသုံးပြုမည်နှင့် စပ်လျဉ်း၍ ၎င်းတို့၏ အခန်းကဏ္ဍအပေါ် နားလည်သိရှိခြင်းနှင့် ၎င်းတို့ဘက်က ဤသို့ သဘောတူခွင့်ပြုနိုင်သော လုပ်ရည်ကိုင်ရည် အရည်အသွေးရှိခြင်းတို့ ဖြစ်၏။ ပုံမှန်အားဖြင့် ယင်းမှာ သင် မည်သူဖြစ်ကြောင်း, မည်သည့်နေရာတွင် တွေ့ဆုံမေးမြန်း(ခံ)မည်ဖြစ်ကြောင်း, မည်သူက ကြည့်ရှုမည်ဖြစ်ကြောင်းနှင့် တွေ့ဆုံမေးမြန်းခံခြင်းနှင့် ဆက်စပ် နေသော ဖြစ်နိုင်ခြေအန္တရာယ်များကို ဆိုလိုသည်။

ထိုသို့ သဘောတူညီချက်ကို သရုပ်ပြရန် အကောင်းဆုံးနည်းလမ်းမှာ တိုက်ရိုက် မှတ်တမ်းတင်ထားသော နှုတ်ဖြင့် ခွင့်ပြုချက်ဖြစ်ပြီး - ရုပ်သံဗီဒီယိုသည် အသံထက် ပိုမို တိကျကောင်းမွန်သော်လည်း - လူတစ်ဦးထံမှ သူကိုယ်တိုင် ရိုးရှင်းစွာ လက်မှတ်ရေးထိုးထားသော သဘောတူညီချက်ပုံစံကို ရယူလျှင်လည်း လုံလောက်၏။ မှတ်တမ်းတင်ထားခြင်း မရှိသော နှုတ်ဖြင့် ခွင့်ပြုချက်သည် သဘောတူညီချက် ဖြစ်နေဆဲဖြစ်သော်လည်း လိုအပ်သည့်အခါ ယင်းကို ပေးအပ်ခဲ့ကြောင်း သက်သေပြရန် နောက် ပိုင်း၌ ခက်ခဲနိုင်၏။

အမည်မသိ အထောက်အထားများကို တရားရုံး၌ လက်ခံနိုင်လေ့ မရှိသဖြင့် တွေ့ဆုံမေးမြန်းခံမည့် သူ၏ အမည်ကို ဖော်ပြရန် လိုအပ်ကြောင်း သတိပြုပါ။ တွေ့ဆုံမေးမြန်းမှုတစ်ခုကို သက်သေခံအဖြစ် တရားရုံးက တိုက်ရိုက်လက်ခံရန် သို့မဟုတ် တွေ့ဆုံမေးမြန်းမှုကို ဆောင်ရွက်ပေးနေသူအား တရားစွဲဆိုခြင်းအား ခုခံကာကွယ်မှုအတွက် ရှေ့နေများက အပြန်အလှန် စစ်ဆေးရန် တရားရုံးက တောင်းဆိုနိုင်၏။

တွေ့ဆုံမေးမြန်းစဉ် အတတ်နိုင်ဆုံး ကျွမ်းကျင်ပညာရှင် ပရော်ဖက်ရှင်နယ်ဖြစ်အောင် ကြိုးစားရန် အရေးကြီးကြောင်း သတိပြုပါ။ တွေ့ဆုံမေးမြန်းသည့်အခါတိုင်း အဖြစ်အပျက်များနှင့် စပ်လျဉ်းသော သင့်ထင်မြင်ယူဆချက် တစ်စုံတစ်ရာကို မလွတ်တမ်း ရယူရန် အရေးကြီး၏။ ဥပမာအားဖြင့် အကယ်၍ တွေ့ဆုံမေးမြန်းခံသူ၏ အဖြေများနှင့် တွေးခေါ်ပုံကို သင်က သြဇာလွှမ်းမိုးနေကြောင်း ညွှန်ပြနေသော အရိပ်အခြည်ပြ ဦးဆောင်မေးခွန်းများကို မေးပါက ထိုတွေ့ဆုံမေးမြန်းမှုမျိုးကို နောက်ပိုင်းတွင် တရားရုံးက လက်ခံနိုင်မည်မဟုတ်သည့်အပြင် တွေ့ဆုံမေးမြန်းခံသူအား "အကျင့်ပျက်ခြစားမှု" ဖြစ်စေနိုင်သဖြင့် အကျိုးဆက်တစ်ခုအနေဖြင့် ပရော်ဖက်ရှင်နယ် ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးမှူးတစ်ဦးက ထိုမေးမြန်းခံသူအား တွေ့ဆုံမေးမြန်းသော နောက်ဆက်တွဲ အမေး-အဖြေများကိုပင် ခွင့်မပြုနိုင်ခြင်းမျိုးဖြစ်နိုင်၏။ သင့်မေးခွန်းများက တွေ့ဆုံမေးမြန်းခံသူအနေဖြင့် တစ်စုံတစ်ရာ ဖြစ်ခဲ့ကြောင်း စည်းရုံးဆွဲဆောင်ကြောင်း ပေါ်လွင်နေပါက ယင်းသက်သေအထောက်အထားများကို လွတ်လပ်သော သက်သေအဖြစ် ဆက်လက် လက်ခံတော့မည် မဟုတ်ချေ။

တွေ့ဆုံမေးမြန်းခံသူ၏ ယုံကြည်စိတ်ချရမှုသည် အရေးကြီးသော ထည့်သွင်းစဉ်းစားဖွယ်အချက်တစ်ခုလည်း ဖြစ်လေ၏။ အကြောင်းအချက်များစွာတို့သည် တွေ့ဆုံမေးမြန်းမှုတွင် (အခြားသူများပြောသည်နှင့် ဆန့်ကျင်ခြင်း မရှိဟု ဆိုနိုင်သော) အတွင်းသက်သေအထောက်အထားများနှင့် (၎င်းတို့အချင်းချင်း ဆန့်ကျင်ဘက်မရှိဟု ဆိုနိုင်သော) အခြားသော အထောက်အထားများ နှစ်မျိုးလုံး၌ ညီညွတ်ကိုက်ညီမှုအဖြစ်သို့ ဦးတည်နေရမည်ဖြစ်၏။ မေးမြန်းသည့် အဖြစ်အပျက်များအား တိုက်ရိုက် သိရှိနိုင်မှု အတိုင်းအတာသည်လည်း အရေးကြီးလှ၏။ တွေ့ဆုံမေးမြန်းခံသူအနေဖြင့် ၎င်းတို့ တိုက်ရိုက်သိရှိထားသော အချက်အလက်များကို စွဲစွဲမြဲမြဲ စွဲကိုင်လျက် ထင်မြင်ယူဆချက်များကို လှုံ့ဆော်ပေးသည့် မေးခွန်းများကို ရှောင်ရှား၍ ဖြစ်ရပ်မှန်ပြဿနာများကိုသာ အာရုံစူးစိုက် ဖြေဆိုသင့်၏။

# သတင်းအချက်အလက်ကို လုံခြုံအောင် ထိန်းသိမ်းထားခြင်း

ရုပ်ပိုင်းဆိုင်ရာနှင့် ဒစ်ဂျစ်တယ်အချက်အလက်များကို လုံခြုံအောင် ထိန်းသိမ်းထားရန် အလွန် အရေးကြီးသည်မှာ သိသာထင်ရှားပါ၏။ အထူးသဖြင့် ယင်းမှာ အစိုးရက အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုများနှင့် ပတ်သက်သော သတင်းအချက်

အလက်များကို ဖမ်းယူရရှိရန် ကြိုးပမ်းမှုများကို ရန်လိုနေချိန်၌ ပို၍ အရေးကြီး၏။ ဤကိစ္စမျိုး၌ သတင်းအချက်အလက် လုံခြုံရေးသည် ယင်းတို့ကို ထိန်းသိမ်းထားရန်နှင့် သင့်ကိုယ်ပိုင် ဘေးကင်းလုံခြုံမှု ဖြစ်နိုင်ခြေဟူသော နှစ်ချက်လုံးအတွက် အရေးကြီးပါ၏။

လုံခြုံရေးအန္တရာယ်များကို လျှော့ချရန် နည်းလမ်းများစွာ ရှိရာ ဥပမာအားဖြင့်- အချက်အလက်များကို ဝှက်စာပုံစံဖြင့် သိမ်းဆည်းခြင်း၊ သင့်စက်တွင်းရှိ ဖိုင်များကို ဖျက်ခြင်း/ဖုံးကွယ်ခြင်း၊ အဆက်အသွယ်များ၏ အမည်များကို ကာကွယ်ရန်အတွက် ကုဒ်ဝှက်ခြင်း/အမည်ဝှက်ခြင်း/ဖျက်ခြင်း၊ အထောက်အထားများကို လုံခြုံစွာသိမ်းဆည်းခြင်း၊ အကောင်းဆုံးပုံစံအနေဖြင့် ပြင်ပ အမာထည် မီမိုရီစတစ်စသည်တို့နှင့်/သို့မဟုတ် cloud ၌ သိုလှောင်ခြင်းနှင့် သင်၏ အချက်အလက်များကို စနစ်တကျထားရှိ ခြင်းတို့ ဖြစ်၏။ (အရင်းအမြစ်များကဏ္ဍတွင် WITNESS ၏ တက်ကြွလှုပ်ရှားသူများ၏ ဗီဒီယိုဖိုင် သိမ်းဆည်းခြင်းဆိုင်ရာလမ်းညွှန်ကို ကြည့်ပါရန်)။ ဤနေရာ၌ နိုင်ငံတကာ အရပ်ဘက်အဖွဲ့အစည်းများမှ ဖန်တီးထားသော အက်ပ် (အက်ပလီကေးရှင်း)များကို အသုံးပြုခြင်းဖြင့်လည်း အကူအညီပေးနိုင်၏။ ဥပမာအားဖြင့်- အချက်အလက်များကို ၎င်းတို့ဆာဗာသို့ အပ်လုဒ် (uploading) တင်၍ အက်ပ်အား ဖုန်း၏ ပင်မမျက်နှာပြင်တွင် ဖုံးကွယ်ထားသည်နှင့်အမျှ eyeWitness အက်ပ်သည် သင့်ဖုန်းမှ မိတ္တူများကို အလိုအလျောက် ဖျက်ပေးပါသည်။

## လက်တွေ့အောင်မြင်နေသော နောက်ကြောင်းပြန် ခြေရာခံနိုင်သည့်စနစ် (CoC)

ဒစ်ဂျစ်တယ်အချက်အလက်များကို အတည်ပြုနိုင်ရန် အရေးကြီးသော ကဏ္ဍတစ်ရပ်မှာ ထိုအချက်အလက်များ ပါရှိသော ဒစ်ဂျစ်တယ်ဖိုင်များပေါ်တွင် နောက်ကြောင်းပြန် ခြေရာခံနိုင်သည့်စနစ် (CoC) ဖြင့် ထိန်းသိမ်းထားခြင်းဖြစ်၏။ ထိုသို့မဟုတ်ပါက ဖိုင်များကို “ထိကိုင်” မိသော ကြားလူများက ယင်းတို့ကို ပြောင်းလဲပစ်နိုင်၏။ ဖိုင်များပေါ်တွင် နောက်ကြောင်းပြန် ခြေရာခံနိုင်သည့်စနစ် (CoC) ဖြင့် ထိန်းသိမ်းထားခြင်းဖြင့် အချက်အလက်များအပေါ် မည်သည့်ခြယ်လှယ်မှု သို့မဟုတ် ဆီလျော်အောင် ပြင်ဆင်ခြင်းတို့မှ ကင်းစင်ကြောင်း ပြသရန် အကူအညီပေးပါ၏။ ဖိုင်များကို သိမ်းဆည်းသည့် စက်အား ထိခိုက်မှုကဲ့သို့သော အခြားအကြောင်းရင်းများကြောင့် ဖိုင်ပျက်စီးခြင်းများကို ရှောင်ရှားရန်လည်း အလွန်အရေးကြီး၏။ အကြောင်းကိစ္စရပ်အများစုတွင် တရားရုံးများ၌ ဒစ်ဂျစ်တယ်ဖိုင်ကို မည်သို့ရရှိကြောင်း တရားခွင်သို့ အထောက်အထား တင်ပြရန် လိုအပ်မည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများက တီထွင်ထားသော အက်ပ် (အက်ပလီကေးရှင်း)များထံသို့ ဖိုင်များကို လွှဲပြောင်းလိုက်လျှင် ၎င်းတို့က ထိုဖိုင်များကို ထိန်းသိမ်းပေးထား၏။ လုံခြုံစိတ်ချမှု ရှိသော cloud ၌ သိုလှောင်မှုဖြင့်လည်း အလားတူ လုပ်ဆောင်သင့်၏။ သင်၏ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်းနှင့် လက်ဆော့ကစားခြင်းမှ သင့်စက်ပစ္စည်းကို ကာကွယ်ရန် နည်းလမ်းများလည်း ရှိလေ၏။

## အကြံပြုချက်များ

ဤကဏ္ဍတွင် အထက်ပါ အချက်များကို အားဖြည့်ပေးမည့် လက်တွေ့ကျသော အကြံပြုချက်များစွာ ပါရှိ၏။

- သတင်းကို ပြည်သူတို့ ပိုမို ကြည့်ရှု နားလည်စေရန် ဗီဒီယိုများ၌ ရုပ်ပုံများ ထည့်ရန် ကြိုးစားပါ။ ဥပမာ- ၃၆၀ ဒီဂရီ မြင်ကွင်းများ (သို့) ထောင့်မျိုးစုံမှ ပိုဝေး/ပိုနီးသော အကွာအဝေး စသည်တို့ကို ပံ့ပိုးပေးရန် ကြိုးစားပါ။ ဖြစ်နိုင်လျှင် အထင်ကရနေရာနှင့် သတင်းများကို ဖမ်းယူနိုင်သည့် မြင်ကွင်းကျယ်ကို အရအမိ ဖမ်းယူပါ။
- သင့်စက်၌ အော်တို မက်တာဒေတာ အင်္ဂါရပ်များ (ဥပမာ- ဖုန်း GPS ဝန်ဆောင်မှုများ) ရှိလျှင် အသုံးပြုပါ။
- အခြေခံရိုက်ကူးနည်းစနစ်များကို အသုံးပြုရန်နှင့် မလိုအပ်ဘဲ ရိုက်ကွက်တချို့ကို ဖျက်ပစ်ခြင်း မပြုလုပ်ပါနှင့်။
- မူရင်းဖိုင်ကို cloud (သို့) နိုင်ငံတကာစနစ်အတွင်း အပ်လုဒ်တင်ခြင်းနှင့် လုံခြုံနည်းလမ်းတစ်ခုဖြင့် သိမ်းပါ။
- eyeWitness အက်ပ် အသုံးပြုလျှင် ယင်းက ထိုဓာတ်ပုံနှင့် ဗီဒီယိုများ မူရင်းစစ်မှန်ကြောင်း ကူညီအတည်ပြုပေးနိုင်၏။ ထိုအဖွဲ့သည် ICJ ကဲ့သို့ သော ခုံရုံးများသို့ တင်ပြရန် စာရွက်စာတမ်းများကို မဖန်တီးမီ ခွဲခြမ်းစိတ်ဖြာပြီး ကက်တလောက် မှတ်တမ်းများ ရိုက်ကူးပေးပါသည်။[7]
- ကျွမ်းကျင်ပညာရှင်တို့၏ ပရော်ဖက်ရှင်နယ် စာနယ်ဇင်းစံနှုန်းများကို အချိန်ပြည့် လိုက်နာပါ။
- ဖြစ်နိုင်လျှင် ဓာတ်ပုံနှင့် ဗီဒီယိုများကို ဆေးရောင်ဖြင့် မှတ်တမ်းတင်ပြီး တတ်နိုင်သမျှ အရည်အသွေး ပိုမိုမြင့်မားသော အသံဖမ်းစနစ်များကို အသုံးပြုပါ။ (ဥပမာ- ဓာတ်ပုံများအတွက် အနည်းဆုံး 4 mega pixels ကို
- သက်ဆိုင်ရာ အတိုင်းအထွာ စကေးကိုပြသရန် တိုင်းတာသည့် ပေကြိုး သို့မဟုတ် သတ်မှတ်အရွယ်အစားရုပ်ပုံ (ဥပမာ- လက်တစ်ဘက်ဖြင့် ယှဉ်တွဲရိုက်ပြခြင်း) ကဲ့သို့သော နည်းဗျူဟာများကို အသုံးပြုပါ။
- သတင်းအအရည်အသွေးမှာ အချိန်နှင့်အမျှ ဆိုးရွားလာနိုင်သဖြင့် အချက်အလက်များကို အမြန်ဆုံး ဖမ်းယူပါ။
- ဖြစ်နိုင်လျှင် ခွင့်ပြုချက်ရယူသည့် စည်းမျဉ်းများကို လိုက်နာလျက် မျက်နှာပုံရိပ်များကို ဖမ်းယူရန် ကြိုးစားပါ။

[7] (ဖတ်ရှုရန်) အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များအဖွဲ့၊ "ရုရှား-ယူကရိန်းစစ်ပွဲ- eyeWitness to Atrocities အက်ပ်က တရားစွဲဆိုမှုများ အတွက် ဖြစ်နိုင်ခြေရှိသော အထောက်အထားများကို ဖမ်းယူထားချက်များ"၊ ၂၀၂၂ ခုနှစ် မတ်လ ၁၈ ရက်၊ 2022, https://www.ibanet.org/Russia-Ukraine-war-eyeWitness-to-Atrocities-app-captures-potential-evidence-for-trials.

# 5. အရင်းအမြစ်များ

## သတင်းသမားများအတွက် အက်ပ်များ

- eyeWitness: ဗီဒီယိုဖိုင်ကို မူရင်းစစ်မှန်ကြောင်းနှင့် ယင်းတို့ကို တရားရုံးများက အသုံးပြုရာ၌ လွယ်ကူချောမွေ့စေရန် မက်တာဒေတာကို မှတ်တမ်းတင်ပြီး ထည့်သွင်းသည့် အက်ပ်
- CameraV and the InformaCam system: သက်သေပြရမည့် ဓာတ်ပုံနှင့် ဗီဒီယိုအထောက်အထားများကို လုံခြုံစွာနှင့် သီးသန့်ရိုက်ကူးရန် ကူညီပေးသည့် အက်ပ် (နောက်ထပ်အချက်အလက်များအတွက် ဤနေရာ၌ here ကြည့်ပါ။)
- Taggly: ဖုန်းနှင့် စက်များအတွက် မက်တာဒေတာရေစာဖြင့် ဗီဒီယိုရိုက်ခြင်းကို ပံ့ပိုးပေးမည့် အက်ပ်
- Storymaker: အထောက်အထားများ ဖမ်းယူရာတွင် သတင်းသမားများအတွက် အထောက်အကူဖြစ်စေရန် လေ့ကျင့်ရေးနှင့် နမူနာပုံစံများပါရှိသော Android အက်ပ်
- BoxCryptor: မပေးပို့မီ ဖိုင်များကို စာဝှက်ပေးသည်။

## ရေးသားထားသော အထောက်အထားများအတွက်

- Field Guide for Civil Society Documentation of Serious Human Rights Violations, (အရပ်ဘက်လူ့အဖွဲ့အစည်း၏ ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများဆိုင်ရာ စာရွက်စာတမ်း၊ နိုင်ငံတကာဥပဒေနှင့် မူဝါဒအဖွဲ့အတွက် ကွင်းဆင်းလမ်းညွှန်)
- Video as Evidence Field Guide, WITNESS (ဗီဒီယို အထောက်အထား ကွင်းဆင်းလမ်းညွှန်)
- Amnesty International Evidence Lab (အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ သက်သေအထောက်အထား ဓာတ်ခွဲခန်း)
- Canada's War Crimes Project (ကနေဒါနိုင်ငံ၏ စစ်ရာဇဝတ်မှု ပရောဂျက်)
- Justice Info Map (တရားမျှတမှု အချက်အလက်ပြ မြေပုံ)
- International Bar Association War Crimes Committee (အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များအဖွဲ့ စစ်ရာဇဝတ်မှုကော်မတီ)
- One-page overview on crimes, eyeWitness (ရာဇဝတ်မှုများအကြောင်း စာတစ်မျက်နှာပါ ခြုံငုံ သုံးသပ်ချက်၊ မျက်မြင်သက်သေ)
- Activists' Guide to Archiving Video, WITNESS

## NGOs

စစ်ရာဇဝတ်မှု အထောက်အထားများ ဖမ်းယူရန်
သတင်းထောက်များကို ပံ့ပိုးပေးသည့် NGO

အဖွဲ့အစည်းများ

- EyeWitness
- Free Press Unlimited
- WITNESS
- Clooney Foundation
- The Centre for Civil Liberties
- Truth Hounds

ယူကရိန်းနိုင်ငံအား အာရုံစူးစိုက်မှုဖြင့်

စုံစမ်းစစ်ဆေးနေသည့် အဖွဲ့အစည်းများ-

- Bellingcat
- Global Diligence
- Ukraine 5am Coalition
- Ukrainian Legal Advisory Group

*ဤလမ်းညွှန်ချက်ကို ဥပဒေနှင့် ဒီမိုကရေစီ ဗဟိုဌာနက မိတ်ဖက်ဖြစ်သော News Media Europe နှင့် ပူးပေါင်းပြုစုသည်။*

CENTRE FOR LAW AND DEMOCRACY

NEWS MEDIA EUROPE